အရိယသစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၆)

လျှပ်စစ်ဓာတ်အားလိုအပ်ချက်တိုးတက်ဖြည့်ဆည်း

☆ ဝက်ဝံ ရေအားလျှပ်စစ်စက်ရုံကို ထပ်မံတိုးချဲ့၍ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်မည့် အလားအလာနှင့် ဓာတ်တော်ချိုင့် ရေတံခွန်၏ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အလားအလာများကို အသေးစိတ်ကွင်းဆင်းလေ့လာတိုင်းတာပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်။

☆ ယခုကဲ့သို့ အသေးစား တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်စီမံကိန်းများကို တိုးချဲ့ထူထောင်ခြင်းဖြင့် ပြင်ဦးလွင်မြို့၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တိုးတက်ဖြည့်ဆည်းပေးနိုင်မည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့နယ်ရှိ ဆင်လမ်းရေလှောင်တမံတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆင်လမ်းရေလှောင်တမံ ရေဝင်အားကောင်း၍ စိုက်ပျိုးရေပိုမိုပေးဝေ မြို့ရေပေးရေးသာမက ရေအားလျှပ်စစ်အသေးစားများပါ ထည့်သွင်းဆောင်ရွက် တစ်ပိုင်တစ်နိုင်ရေအားလျှပ်စစ်စီမံကိန်းများတိုးချဲ့ထူထောင်

ရန်ကုန် ဧပြီ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ ၁၁ ရက် နံနက် ၁၁ နာရီတွင် ပြင်ဦးလွင်မြို့နယ်ရှိ ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိသည်။

ကျော်ဖုံးသို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်)

ပြည်သူများ လူနေမှုဘဝမြင့်မားတိုးတက်စေရေး စီမံကိန်းလုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ လက်တွဲကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဘက်စုံကဏ္ဍစုံ၌တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ထွက်နေပြီ ဖြစ်သည်။ ထိုကဲ့သို့ တိုးတက်ဖြစ်ထွန်းမှုများနှင့်အတူ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပမာဏလည်း ကြီးမားလာသည်။ လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံ၏ ရေသယံဇာတ အခြေခံကောင်းများကိုအသုံးပြု၍ နိုင်ငံတော်က ရေအားလျှပ်စစ်စီမံကိန်းများကို ကြိုးပမ်း ဖော်ထုတ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၀ ရက်က စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်ရှိ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်မှာကြား ရာတွင်-

"ချင်းတွင်းမြစ်၏ ရေသယံဇာတကိုအသုံးချ၍ ရေအားလျှပ်စစ် မြန်မြန်ထုတ်လုပ်နိုင်ရန် အရေးကြီးကြောင်း၊ ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်း အဆင့်ဆင့်ရှိသည့်အနက် ဤရွှေစာရေးကျေးရွာပတ်ဝန်းကျင်၌ အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ မုံရွာဒေသ အနောက်ဘက်ကမ်းနှင့် ပခုက္ကူခရိုင်အတွင်းရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းဒေသရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသာမက ချင်းတွင်းမြစ်မှတစ်ဆင့် စိုက်ပျိုးရေရရှိပြီး သမားရိုးကျ တစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစား ဘဝသို့ ရောက်ရှိ၍ ဝင်ငွေတိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း" လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်တွင် တည်ဆောက်နေသည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက မုံရွာဒေသရှိ သတ္တုမိုင်းစီမံကိန်းများနှင့် စက်ရုံ၊ အလုပ်ရုံများအတွက် လျှပ်စစ်ဓာတ်အား ရရှိစေရုံသာမက မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့် အခြားဒေသများကိုပါ လျှပ်စစ်ဓာတ်အား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် စိုက်ပျိုးရေပေးဝေမှုသာမက ချင်းတွင်းမြစ်အတွင်း ရေကြောင်းသွားလာမှုကိုလည်း ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။ နိုင်ငံတော်က ချင်းတွင်းမြစ်ရေကို အသုံးချ၍ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နိုင်အောင် အလေးထားနေသည့်နည်းတူ သက်ဆိုင်ရာပညာရှင်များက အသေးစိတ် ကွင်းဆင်းလေ့လာ စိစစ်တိုင်းတာမှုများပြုလုပ်၍ လိုအပ်ချက်များကို အမြန်ဆုံး ဖော်ထုတ်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က ဟူးကောင်းချိုင့်ဝှမ်းဘက်မှ မြစ်ဖျားခံလာသော ချင်းတွင်းမြစ်ရေကို အသုံးပြု၍ ထမံသီစီမံကိန်း၊ ဟုမ္မလင်း စီမံကိန်း၊ မော်လိုက်စီမံကိန်း၊ ရွှေစာရေးစီမံကိန်း စသည့် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်လျက်ရှိသည်။ ယင်းတို့အနက် လက်ရှိအခြေအနေတွင် အလားအလာကောင်းသော စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၆၀၀ ကျော်ခန့် ထုတ်လုပ်နိုင်စွမ်းရှိသည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

ထုထည်ပမာဏကြီးမားသော ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း အောင်မြင်ရေးအတွက် မြန်မာအင်ဂျင်နီယာများ၊ မြန်မာအတတ်ပညာရှင်များက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်သည်။ သို့မှသာ ရေအားလျှပ်စစ်လည်းရရှိမည်။ စိုက်ပျိုးရေလည်းရမည်။ ရေကြောင်းသွားလာရေးလည်း လွယ်ကူလာမည့်အပြင် မြန်မာအတတ်ပညာရှင်များ၏ စွမ်းအားသည်လည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်သာမက ဒေသခံပြည်သူများ၏ လူမှုဘဝ မြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိချိန်တွင် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ အပိုင်းကလည်း တက်ညီလက်ညီ အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုန်သည်/ စက်မှု အသင်းချုပ်ဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ် အမှုဆောင်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရခိုင်ပြည်နယ် ကုန်သည်/စက်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးရွှေထွန်းမောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၁၀ရက် နံနက် ၉နာရီက ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရခိုင်ပြည်နယ် ကုန်သည်/စက်မှုအသင်းအနေဖြင့် ခရိုင်နှင့် မြို့နယ်အသင်း အသင်းဝင်များကို စနစ်တကျ ပညာပေးစည်းရုံးပြီး နိုင်ငံတော်က ချမှတ်ထားသော ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပို့ကုန်/သွင်းကုန် ကိစ္စများကို ဆောင်ရွက်ကြရန်၊ မှန်ကန်သော သတင်းအချက်အလက်များကိုသက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်သို့တင်ပြကြရန်၊ မိမိတို့တင်ပို့သော ကုန်ပစ္စည်းများ၏ အရည်အသွေးများ ကောင်းမွန်ရေးကို အဓိကထား ဆောင်ရွက်ကြရန်နှင့် ပြုပြင်ပြီး တန်ဖိုးမြင့်ကုန်ပစ္စည်းများကို အဓိကထား တင်ပို့ကြရန် ဆွေးနွေးပြောကြားသည်။

ရခိုင်ပြည်နယ် ကုန်သည်/စက်မှု အသင်းအမှုဆောင်အဖွဲ့က အသင်း၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ တင်ပြကြပြီး တင်ပြချက်များကို အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြန်လည်ဆွေးနွေးပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သကြၤန်တွင်း ဝိပဿနာ တရားစခန်း

ရန်ကုန် ဧပြီ ၁၂

ဒဂုံမြို့သစ် မြောက်ပိုင်း (၄၈) ရပ်ကွက် စိန္တကျော်သူလမ်း သုဝဏ္ဏဘူမိခေမာရာမသီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီး ဒေါ်ကုသလစာရီ၏ ကျောင်းတိုက်တွင် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ရက် တနင်္လာနေ့ ဧပြီ ၁၂ ရက်မှ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက် စနေနေ့ ဧပြီ ၁၇ရက်အထိ ခြောက်ရက်တိုင်တိုင် တရားစခန်း ဖွင့်လှစ်ပြီး ဓမ္မဒူတဆရာတော်ကြီး၏ တပည့် ဓမ္မဒူတအရှင်ဆေကိန္ဒက ကြီးမှူး၍ ဓမ္မဒူတအရှင်ဉာဏဝုဓတို့သည်ညစဉ် ၉နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် စူဠဘွဲ့နှင်းသဘင်နှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ဧပြီ ၉ရက်က အလယ်ကျောင်း၌ ကျင်းပရာ အစိုးရ ပထမပြန်စာမေးပွဲအောင် သံဃာ ၁၂ပါး၊ မြို့နယ်ပရိယတ္တိစာမေးပွဲအောင် သံဃာ ၁၁ ပါးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇာလီဘုန်းနိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မဟာစည်သာသနာ့ရိပ်သာ တရားစခန်းနှင့်တရားပွဲများ

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်မြို့အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း ဗဟန်းမြို့နယ်ရှိမဟာစည်သာသနာ့ရိပ်သာကြီးတွင် ၁၃၆၅ ခုနှစ် သင်္ကြန်အကြိုမှစတင်၍ နှစ်ဆန်းတစ်ရက်အထိ မဟာစည်နာယကဆရာတော်များက ဝိပဿနာတရားပြသပြီး တရားပွဲများကို မွန်းလွဲ ၁း၃၀နာရီမှ ညနေ ၃နာရီထိအောက်ပါအတိုင်း ဟောကြားတော်မူကြမည်ဖြစ်သည်။ ဧပြီ ၁၃ရက် (အကျနေ့)တွင် မြန်အောင်ဆရာတော်၊ ၁၄ရက်(အကြတ်နေ့)တွင်မြစ်သားဆရာတော်၊ ၁၅ရက်(အကြတ်နေ့)တွင် ကျောက်ပန်းတောင်းဆရာတော်၊ ၁၆ရက် (အတက်နေ့)တွင် ပုသိမ် ဆရာတော်နှင့် ၁၇ရက် (နှစ်ဆန်း တစ်ရက်)တွင် ဦးသူရိယ ဆရာတော် တို့ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်း ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ် အလှူတော်ကျင်းပ

ရန်ကုန် ဧပြီ ၁၂

ဓာတုအင်ဂျင်နီယာကုန်ထုတ်သမဝါယမအသင်း လီမိတက်၏ ဒုတိယအကြိမ် ရဟန်းခံ၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၀ ရက် (၁၃၆၅ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်) စနေနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းတိုက်တွင် ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ (ဒွိပိဋကရေ ဒွိပိဋကကောဝိဒ) ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသ ကြွရောက်၍ အနုမောဒနာတရား ချီးမြှင့်သည်။

ရေစက်သွန်းချ

အစီအစဉ်အရ နံနက် ၇ နာရီတွင် ရဟန်းလောင်း ၁၄ ပါးနှင့် သီလရှင်နှစ်ပါး ဆံချမင်္ဂလာပြုလုပ်၍ ရဟန်းလောင်းများ နံနက် ၉ နာရီတွင် သိမ်တက်ပြီး ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသက သာဓုအနုမောဒနာတရား ဟောကြားပြီး အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က-ပ)**

ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားများကို အသေးစိတ်ကွင်းဆင်းလေ့လာ

ပြင်ဦးလွင်မြို့နယ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တိုးတက်ဖြည့်ဆည်းပေး

✱ ကျော်ဖုံးမှ

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ယခုကဲ့သို့ အသေးစား တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ် စီမံကိန်းများကို တိုးချဲ့ထူထောင်ခြင်းဖြင့် ပြင်ဦးလွင်မြို့၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တိုးတက်ဖြည့်ဆည်း ပေးနိုင်မှာဖြစ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြင်ဦးလွင်မြို့နယ်ရှိ ဆင်လမ်းရေလှောင်တမံ ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆင်လမ်းရေလှောင်တမံ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ဆင်လမ်းရေလှောင်တမံ တည်ဆောက်ပြီးစီးခဲ့သည့် အခြေအနေများ၊ တမံအတွင်းရေဝင်အားကောင်းသဖြင့် ပြင်ဦးလွင်မြို့ ရေပေးဝေရေးလုပ်ငန်း၊ ကန်တော်ကြီး ရေကူရေဖြည့်ပေးရေးလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်မည့်အပြင် တမံအောက်ပိုင်းရှိ လယ်ယာမြေများကို ရေပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆင်လမ်းရေလှောင်တမံ၏ ရေဝင်အားကောင်းမှုအပေါ် စိုက်ပျိုးရေပိုမိုပေးဝေရေး၊ မြို့ရေပေးရေးစသည့် အကျိုးပြုလုပ်ငန်းများသာမက ရေအားလျှပ်စစ် အသေးစားလုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှု အခြေအနေနှင့် တမံပတ်ဝန်းကျင် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သတ္တုတွင်းဝန်ကြီးဌာန၏ အမှတ်(၁) သံနှင့်သံမဏိစက်ရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှတ်(၁) သံနှင့်သံမဏိစက်ရုံ တည်ဆောက်ခဲ့မှု သမိုင်းအကျဉ်း၊ စက်ရုံ၏ကုန်ထုတ်လုပ်နိုင်မှု စွမ်းရည်နှင့် လက်ရှိထုတ်လုပ်လျက်ရှိသည့် သံနှင့်သံမဏိပစ္စည်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဆန်းထွန်းက စက်ရုံ၏ သံနှင့်သံမဏိပစ္စည်း ထုတ်လုပ်ရာ၌ လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁)သံနှင့် သံမဏိစက်ရုံတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လိုအပ်ချက်ဖြည့်ဆည်းပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၌ လိုအပ်နေသော သံနှင့်သံမဏိတို့ကို ပြင်ဦးလွင်စက်ရုံက တိုးချဲ့ထုတ်လုပ်ပေးနိုင်အောင် ဖြည့်ဆည်းပေးရမည်များကို ဖြည့်ဆည်းပေးသွားမှာ ဖြစ်သကဲ့သို့ စက်ရုံအပိုင်းကလည်း ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်ကျဆင်းရေးတို့အတွက် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) သံနှင့် သံမဏိစက်ရုံက ထုတ်လုပ်သော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ဆင်လမ်းရေလှောင်တမံ

တည်နေရာ	-	မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဆင်လမ်းချောင်း
သောက်သုံးရေရရှိသည့်လူဦးရေ	-	တစ်သိန်းခွဲ
တစ်နေ့ပေးဝေရေဂါလန်	-	၂ဒသမ ၅ သန်း
ရေဧကပေ	-	၅၆၀၀
တမံအလျား/အနံ	-	အလျား၆၆၅ပေ၊ အမြင့် ၉၂ ပေ
ရေပေးဝေစိုက်ပျိုးမြေဧက	-	၅၀၀
သီးနှံစိုက်ပျိုးမြေဧက	-	၂၀၀၀
ကျခံတည်ဆောက်ငွေ	-	ကျပ် ၂၃၅သန်းကျော်

မြန်မာ့ရုပ်မြင်သံကြား

၁၃-၄-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ ခါသကြန် အဆို အကများ
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၈။ လမူးတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ ခါသကြန် အဆို အကများ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ခါသကြန် အဆို အကများ
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၁၇:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင် တေးဇာတ်ဝင်
- ၁၇:၃၀ ၇။ ခါသကြန် အဆို အကများ
- ၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ (အပိုင်း-၃)
- ၁၉:၂၅ ၁၂။ ခါသကြန် အဆို အကများ
- ၁၉:၄၀ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ မြန်မာရုပ်ရှင် **“ကညာပျိုနဲ့ ဇရာအို”** (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ စံရှားတင်၊ ခင်သန်းနု) (ဒါရိုက်တာ-ဘိတ်ကလာတဲ့ င်ပြာရည်)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

တိမ်ပြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင် အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော်သိမ်းပိုက်ထားခြင်းကို ဆန့်ကျင်၍ ဆန္ဒပြပွဲပြုလုပ်ရာ မြို့သူတစ်ဦးက ဘုရှ်၏ ရုပ်ပြောင်အရုပ်ကို ကိုင်ဆောင်ကာ ဧပြီ ၁၀ ရက်က ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ဖြစ်ပွားနေသော ပစ်ခတ်တိုက်ခိုက်မှုများ ရပ်တန့်ရန် မလေးရှားနိုင်ငံကတိုက်တွန်း

ကွာလာလမ်ပူ ဧပြီ ၁၁

အီရတ်နိုင်ငံ၌ဖြစ်ပွားနေသော ပစ်ခတ်တိုက်ခိုက်မှုများရပ်တန့်ရန်အစ္စလမ္မစ် ညီလာခံအဖွဲ့ဥက္ကဋ္ဌဖြစ်သော မလေးရှားနိုင်ငံက ယနေ့တိုက်တွန်းလိုက်သည်။ အီရတ်အရေးကိစ္စဆွေးနွေးရန် အိုင်စီအို အထူးအစည်းအဝေး ကျင်းပရေးကို ဆွေးနွေးလျက်ရှိကြောင်း မလေးရှားနိုင်ငံက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အပြစ်မဲ့ အီရတ်ပြည်သူများသေဆုံးကြရသည့်အတွက် မလေးရှားနိုင်ငံက အထူးဝမ်းနည်းကြောင်း မလေးရှားဝန်ကြီးချုပ်အဗ္ဗဒူလာ အာမက်ဘာဒါဝီက ပြောကြားသည်။

အီရတ်နိုင်ငံ၌ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များကို အီရတ်တို့က တိုက်ခိုက်ပြီး ဂျပန်လူမျိုးသုံးယောက်နှင့်အခြားနိုင်ငံခြားသားဓားစာခံများကို ဖမ်းဆီးခြင်းနှင့်အတူ အခြေအနေ ရုတ်ရုတ်သဲသဲဖြစ်နေချိန်တွင် မလေးရှားဝန်ကြီးချုပ်က ထိုသို့ပြောဆိုလိုက်ခြင်းဖြစ်သည်။

ယခုသီတင်းပတ်တွင် အီရတ်နိုင်ငံအလယ်ပိုင်းရှိမြို့များနှင့် ယခင်ကငြိမ်သက်နေခဲ့သော အီရတ်တောင်ပိုင်းရှိမြို့များတွင် သွေးထွက်သံယိုတိုက်ပွဲများ ဖြစ်ပွားခြင်းသည် အမေရိကန်နှင့်အပေါင်းပါတပ်များက ဆက်ဒမ်ဟူစိန်ကို လွန်ခဲ့သည့်တစ်နှစ်၌ ဖယ်ရှားခဲ့ပြီး သိမ်းယူခဲ့သော အီရတ်နိုင်ငံအား ငြိမ်သက်မှုရှိအောင် အမေရိကန်နှင့် အပေါင်းပါနိုင်ငံကို မည်သို့မျှမလုပ်ဆောင်နိုင်သည်ကို ပြသခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ကို အမေရိကန်တို့ထိန်းချုပ်နိုင်မှုမရှိဟု ဂျော်ဒန်တိုင်းမ်သတင်းစာက ရေးသားဖော်ပြ

အမ္မန် ဧပြီ ၁၂

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံကိုထိန်းချုပ်နိုင်မှုမရှိတော့ပြီဖြစ်ကြောင်းနှင့် အီရတ်နိုင်ငံအား ဆက်လက်အုပ်ချုပ်ခြင်းသည် ဒေသအတွင်း ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေမည်မဟုတ်ကြောင်း ဂျော်ဒန်တိုင်းမ်သတင်းစာက တနင်္ဂနွေနေ့၌ ရေးသားဖော်ပြလိုက်သည်။

အမေရိကန်ဦးဆောင်သည့် သိမ်းပိုက်မှုအား ကြိုတင်မျှော်မှန်းမထားနိုင်သော ဆန့်ကျင်ခုခံမှုများ ပေါ်ပေါက်လာခြင်းကို ရှင်းပြရန် သတင်းစာက အယူအဆအချို့ကို ရေးသားတင်ပြခဲ့သည်။

သတင်းစာကဖော်ပြသည့် ပထမယူဆချက်မှာ အမေရိကန်ပြည်ထောင်စုသည် အီရတ်အစိုးရကို အုပ်ချုပ်ရေးလွှဲပြောင်းခြင်းမပြုမီ ယင်း၏အစီအစဉ်များကို စိန်ခေါ်သော တပ်ဖွဲ့များအားလုံးကို ကြိုတင်လက်ဦးမှုရယူပြီး ဖျက်သိမ်းပစ်ခြင်းဖြင့် အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

အခြားယူဆချက်တစ်ခုမှာ အမေရိကန်ပြည်ထောင်စုက အီရတ်ခေါင်းဆောင် အယာတိုလာအလီအယ်လ်စစ္စတာနီ အတိုက်အခံလုပ်မှုကြောင့် အသွင်ကူးပြောင်းရေးအစီအစဉ်အလုပ်မဖြစ်နိုင်ဟု အခိုင်အမာယုံကြည်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အီရတ်တို့က ဇွန် ၃၀ ရက်၌ ဘာကြောင့်ထိုအသွင်ကူးပြောင်းရေး အစီအစဉ်အကောင်အထည်မပေါ်မည်ကို အမေရိကန်တို့အား စောဒကပေးခြင်းဖြင့် သွေးထွက်သံယိုမှု အများအပြားကို ဖြစ်ပေါ်စေခဲ့ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ ဖြစ်ပွားနေသော ပြင်းထန်သည့် တိုက်ပွဲများအဆုံးသတ်ရေး အဖွဲ့အစည်းများသည်းခံချုပ်တည်း ကြရန် ကုလအတွင်းရေးမှူးချုပ်တိုက်တွန်း

နယူးယောက် ဧပြီ ၁၂

လွန်ခဲ့သည့် တစ်နှစ်တွင် ဆက်ဒမ်ဟူစိန် ဖယ်ရှားခံခဲ့ရချိန်မှစပြီး တစ်ပတ်ကြာအပြင်းထန်ဆုံးတိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် အဖွဲ့အစည်းအားလုံး သည်းခံချုပ်တည်းကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန် စနေနေ့က တိုက်တွန်းလိုက်သည်။

အီရတ်၌ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် လွန်စွာစိုးရိမ်ပူပန်ခဲ့ကြောင်း ကိုဖီအာနန် ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

ကိုဖီအာနန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်အပြင် အီရတ်ရှိ သူ၏အထူးအကြံပေးပုဂ္ဂိုလ် လက်ခ်ဒါဘရာဟီမီတို့နှင့် စနေနေ့က အဆက်အသွယ်လုပ်ခဲ့သည်။

အရပ်သားများ သေဆုံးမှုတိုးလာခြင်းကြောင့် ကိုဖီအာနန်သည် တုန်လှုပ်ချောက်ချားခဲ့ရပြီး အပြစ်မဲ့ပြည်သူများ အန္တရာယ်နည်းပါးစေရန် အဖွဲ့အစည်းများအားလုံး သည်းခံချုပ်တည်းမှုရှိကြရန် မေတ္တာရပ်ခံလိုက်သည်။

ဘဂ္ဂဒက်၌ လမ်းပေါ်တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး မကြာသေးမီရက်များအတွင်း၌ ပြန်ပေးဆွဲခံရသူအချို့မှ တစ်ဦးဖြစ်သော အမေရိကန်တစ်ဦး ပြန်ပေးဆွဲသူတို့က သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။

ဆူပူအုံကြွမှုများ ချုပ်ငြိမ်းသွားစေရန်အတွက် အီရတ်အရာရှိများက စေ့စပ်ဆွေးနွေးရန် ကြိုးပမ်းလျက်ရှိကြသည်။

အမ်အင်အေ၊ရိုက်တာ

ဂျာမန်လုံခြုံရေးအရာရှိလေးဦး ပျောက်ဆုံးနေ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြု

ဘာလင် ဧပြီ ၁၁

ဂျာမန်လုံခြုံရေးအရာရှိနှစ်ဦးသည် ဂျော်ဒန်မှနေ၍ ဘဂ္ဂဒက်ရှိ ဂျာမနီသံရုံးသို့အသွားတွင် ပျောက်ဆုံးနေကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့၌ ပြောကြားသည်။

အဆိုပါ ဂျာမန်လုံခြုံရေး အရာရှိ နှစ်ဦး ဧပြီ ၇ ရက်၌ ဖော်လူဂျာအနီးတွင် ပျောက်ဆုံးသွားခဲ့ကြောင်း ဘဂ္ဂဒက်ရှိ ဂျာမန်သံရုံးက အတည်ပြုထားကြောင်း၊ ပျောက်ဆုံးသူနှစ်ဦး၏ ရုပ်ပုံများနှင့်တကွ အီရတ်သတင်းစာ တစ်စောင်က ရေးသားဖော်ပြခဲ့သည်။ထိုဂျာမန်နှစ်ဦး ပြန်ပေးဆွဲခံရဖွယ်ရှိကြောင်း သံရုံးက သတင်းစာသို့ပြောကြားခဲ့ကြောင်း အယ်လ်ရာကစ်သတင်းစာက ပြောကြားသည်။

ဖော်လူဂျာမြို့ကို ဖြတ်သွားရသော ဘဂ္ဂဒက်နှင့် အမ္မန်ကြားရှိ အန္တရာယ်များသော လမ်းများပေါ်၌ နိုင်ငံခြားသားအချို့သည် ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံခဲ့ကြရသည်။ လေကြောင်းခရီးမှလာလျှင် ဒုံးကျည်များဖြင့် ပစ်ချခံရမည့် အန္တရာယ်ရှိခြင်းကြောင့် လူအများအပြားသည် အီရတ်သို့ ကုန်းလမ်းမှနေ၍ လာခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အား တစ်ဖက်သတ်သိမ်းပိုက်ထားမှု အဆုံးသတ်ရန် စပိန်နိုင်ငံမှ အနိုင်ရ ဆိုရှယ်လစ်ပါတီပြောကြား

မက်ဒရစ် ဧပြီ ၁၁

အမေရိကန်နှင့် အပေါင်းပါ နိုင်ငံများက အီရတ်နိုင်ငံအား တစ်ဖက်သတ်သိမ်းပိုက်ထားခြင်းကို အီရတ်အကျပ်အတည်းဖြေရှင်းရေးဆုံးဖြတ်ချက်က အဆုံးသတ်ရန်တောင်းဆိုကြောင်း အစိုးရဖြစ်လာတော့မည့် စပိန်ဆိုရှယ်လစ်ပါတီ (ပီအက်စ်အိုအီး)က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်အခြေအနေကို ကုလသမဂ္ဂထိန်းသိမ်းရဖို့ရှိကြောင်း ပီအက်စ်အိုအီး နိုင်ငံတကာဆက်ဆံရေးအတွင်းရေးမှူး ထရီနီဒက်ဂျီမီနက်ဇ်က ပြောကြားသည်။

စပိန်နိုင်ငံ၏ အနာဂတ်အစိုးရသည် အီရတ်နိုင်ငံကို ကုလသမဂ္ဂက ထိန်းချုပ်မှုမရှိလျှင် ဇွန် ၃၀ ရက်၌ အီရတ်မှ တပ်များ ရုပ်သိမ်းမည်ဟု ကတိပြုထားကြောင်း၊ စပိန်အစိုးရအဖွဲ့သစ်သည် နိုင်ငံတကာဆိုင်ရာ တရားဝင်ပြန်လည်တည်ဆောက်ခြင်းနှင့် အီရတ်၌ ကုလသမဂ္ဂလုံးလုံးလျားလျား ပါဝင်ပတ်သက်ရေးတွင် ဆောင်ရွက်လုပ်ကိုင်ရန်ဆန္ဒရှိကြောင်း သူမက ပြောကြားသည်။

အီရတ်နိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေမှာ အမေရိကန်ပြည်ထောင်စု၌ အပေါင်းပါတပ်ဖွဲ့ဝင်နိုင်ငံများလက်ထဲ၌ တစ်ဖက်သတ်ရှိနိုင်တော့မည်မဟုတ်ကြောင်းလည်း သူမကပြောကြားသည်။

အီရတ်နိုင်ငံ၏ အခြေအနေကို ကုလသမဂ္ဂကပါဝင်ထိန်းချုပ်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုလသမဂ္ဂမှတစ်ဆင့် နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်လုံး ပိုမို ပါဝင်လာမှုကိုရရှိမည်ဖြစ်ကြောင်း သူမက ပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ**

ဓာတ်ကြိုး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ဧပြီ ၁၁ ရက်က သံချပ်ကာ ယာဉ်တစ်စီးဖြင့် လုံခြုံရေး ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ဂျပန်လူမျိုးသုံးဦးပြန်ပေးဆွဲခံထားရမှု ဂျပန်တပ်များရုပ်သိမ်းရန် ဂျပန်ပြည်သူတို့ဆန္ဒပြ

ဘဂ္ဂဒက် ဧပြီ ၁၁

အီရတ်နိုင်ငံ၌ အီရတ်လက်နက်ကိုင်အုပ်စု တစ်စုက ဂျပန်လူမျိုးသုံးဦးကို ပြန်ပေးဆွဲသည့်ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းကြောင့် အီရတ်နိုင်ငံရှိ ဂျပန်တပ်ဖွဲ့ဝင်များကို ချက်ချင်းရုပ်သိမ်းပေးရန် ဂျပန်ပြည်သူရာပေါင်းများစွာက စုဝေးကာ ဝန်ကြီးချုပ် ကွိုင်ဇူမိထံ တောင်းဆိုဆန္ဒပြခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ် ကွိုင်ဇူမိက အကြမ်းဖက်သမားများ၏ အန္တရာယ်ကြောင့် ၎င်း၏ဂျပန်တပ်ဖွဲ့ဝင်များကို မရုတ်သိမ်းနိုင်ကြောင်း ကာကွယ်ပြောကြားခဲ့သော်လည်း ယင်းအကြပ်အတည်းအတွက် နည်းလမ်းရှာဖွေနိုင်ရန် ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးကို ဂျော်ဒန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။

(စီအင်န်အင်န်)

အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတို့ ကျူးကျော်သိမ်းပိုက်ထားမှု တိုကျိုနှင့် ကရာချိမြို့တို့၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

အီရတ်ပြဿနာဖြေရှင်းပေးရန် ကမ္ဘာ့ခေါင်းဆောင်များကို ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ တိုက်တွန်း

ဧပြီ ၁၁ ရက်က အီတလီနိုင်ငံ ဗတ်တီကင်မြို့ရှိ စိန့်ပီတာရင်ပြင်၌ ဒုတိယမြောက် ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ အီရတ်ပြဿနာဖြေရှင်းပေးရန် ကမ္ဘာ့ခေါင်းဆောင်များကို တိုက်တွန်းပြောကြားနေစဉ်အတွင်း စစ်ဆန့်ကျင်သည့် ပြည်သူများအား နှုတ်ဆက်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဧပြီ ၁၁ ရက်က ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်နိုင်ငံအား သိမ်းပိုက်ထားခြင်းကို ဆန့်ကျင်ဆန္ဒပြရာတွင် အမေရိကန်အလံများ မီးရှို့ဆန္ဒပြနေကြသည့် ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆန္ဒပြတောင်းဆို

ဧပြီ ၁၁ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်ပြည်သူများက အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတို့ကျူးကျော်သိမ်းပိုက်မှုရုပ်သိမ်းပေးရန် ဆန္ဒပြတောင်းဆိုနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ကန်တို့အား ဆန္ဒပြ

ဧပြီ ၁၁ ရက်က ကာဘာလာမြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပွေ့ချီ

ဧပြီ ၁၁ ရက်က ဖော်လူဂျာမြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များ ပစ်ခတ်သည့်ဒုံးကျည် အိမ်အနီး၌ ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရ ကလေးငယ်တစ်ဦးအား ဖခင်က ဆေးကုသရန် ပွေ့ချီလာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

13-4 (05).p65 1 3/24/05, 1:38 PM

အင်အားသုံးပြီး အီရတ်၌ ဒီမိုကရေစီမပြဋ္ဌာန်းနိုင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း အမေရိကန်၏ဝါဒကို ဝေဖန်တိုက်ခိုက်

လန်ဒန် ဧပြီ ၁၁

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်ဂလပ်စ်ဟော့ဒ်က စစ်ကြောင့် ကြေမွနေခဲ့သော အီရတ်နိုင်ငံတွင် တပ်အင်အားအသုံးပြုခြင်းဖြင့် ဒီမိုကရေစီကို ပြဋ္ဌာန်းကျင့်သုံးခြင်း မပြုနိုင်ကြောင်းပြောဆိုကာ အီရတ်ရှိ အမေရိကန်မူဝါဒကို စနေနေ့က ဝေဖန်တိုက်ခိုက်လိုက်သည်။

အမေရိကန်ပြည်ထောင်စုသည် စစ်ကြောင့် ကြေမွနေခဲ့သော အီရတ်နိုင်ငံ၌ တပ်အင်အားသုံးပြီး ဒီမိုကရေစီကို ပြဋ္ဌာန်းကျင့်သုံး၍ ရနိုင်ဖွယ်ရှိသည်ဟု အမှတ်မှားခဲ့ကြောင်း ဟော့ဒ်က ဘီဘီစီသို့ စနေနေ့က ပြောကြားခဲ့သည်။

လွှဲပေးသင့်

အီရတ်နိုင်ငံ၌ မကြာသေးမီက အကြမ်းဖက်မှု တစ်ရှိန်ထိုး မြင့်တက်ခဲ့ခြင်းသည် ဖြစ်တတ်သော သဘောဖြစ်ကြောင်း အမေရိကန်နှင့်အပေါင်းပါတပ်များသည် အီရတ်နိုင်ငံ၌ အမှန်တကယ် ဩဇာအရှိန်အဝါရှိသော အီရတ်လူမျိုးတို့ကို အုပ်ချုပ်ရေး လွှဲပေးသင့်ကြောင်း၊ အမေရိကန်ကို ထောက်ခံသူများအား အုပ်ချုပ်ရေး လွှဲပေးရန် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ဝန်ခံ

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုသည် အမေရိကန်နှင့် အပေါင်းပါတပ်များ ကြုံတွေ့ရသည်။ အပြင်းအထန်ဆုံး ခြိမ်းခြောက်မှုပင်ဖြစ်ကြောင်း သောကြာနေ့၌ ဝန်ခံခဲ့သည်။

ဆက်ဒမ်ဟူစိန်ကို လွှန်ခဲ့သည့်နှစ်၌ ဖယ်ရှားခဲ့ချိန်မှစပြီး လွန်ခဲ့သည့် သီတင်းပတ်၌ အီရတ်နိုင်ငံတွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မီးလောင်ကျွမ်း

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမကြီးတွင် ဧပြီ ၁၀ ရက်က အမေရိကန် အဘရမ်တင့်ကားတစ်စီး တိုက်ခိုက်ခြင်းခံရပြီးနောက် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

ကွတ်မြို့၌ တိုက်ပွဲများပြင်းထန်နေ ကန်တပ်များကို အီရတ်တို့ပူးပေါင်းတိုက်ခိုက်

ဘဂ္ဂဒက် ဧပြီ ၁၁

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် နိုင်ငံတစ်ဝန်း မြို့ပေါင်းများစွာ၌ အီရတ်ခေါင်းဆောင်အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ရင်ဆိုင်တိုက်ခိုက်နေရဆဲဖြစ်သည်။

ဘဂ္ဂဒက်မြို့၏ အရှေ့တောင်ဘက်ကီလိုမီတာ ၁၀၀ အကွာရှိကွတ်မြို့၌ တိုက်ပွဲဖြစ်နေသည်မှာ နှစ်ရက်ရှိပြီဖြစ်သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များသည် မြို့ကို မထိန်းချုပ်နိုင်သေးဘဲရှိသည်။ အယ်ဆာဒါ၏ ရဲတပ်ဖွဲ့ဝင်များ ကာဘာလာ၌ ခြေကုပ်ယူကာ နာဂျက်ဖ်နှင့် ကွတ်မြို့ကို ထိန်းချုပ်ထားပြီး တိုက်ပွဲများကြောင့် သေဆုံးမှုများမြင့်တက်ခဲ့သော်လည်း အမေရိကန်တို့ဘက်မှ အကျအဆုံးစာရင်း မထုတ်ပြန်ဘဲရှိသည်။

အံ့အားသင့်

အမှတ်(၁) သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်များသည် အီရတ်၌ တစ်နှစ်ကြာတာဝန်ထမ်းဆောင်ပြီးနောက် အမေရိကန်သို့ပြန်ရန် အလှည့်ကျသော်လည်း ယခုအခါ ကွတ်မြို့သို့သွားရောက် တာဝန်ထမ်းဆောင်နေရသည်။ ယခုကဲ့သို့ ဆာဒါ၏ လက်နက်ကိုင်များက တိုက်ခိုက်မှုသည်အမေရိကန်တို့ကို အံ့အားသင့်စေခဲ့သည်။ အထူးသဖြင့် ဖော်လူဂျာမြို့တွင် အီရတ်တို့ ပူးပေါင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တို့ အငိုက်မိခဲ့ရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် ယခုအခါ စစ်မျက်နှာပေါင်းစွာတွင် တိုက်ပွဲပေါင်းများစွာကို ရင်ဆိုင်တိုက်ခိုက်နေရသည်။

(စီအင်န်အင်န်)

လက်ရှိအီရတ်နိုင်ငံ၌ ဖြစ်ပေါ်နေသောအခြေအနေ အမေရိကန်နှင့်အပေါင်းပါတပ်များအတွက် အဆိုးရွားဆုံးဖြစ်

လန်ဒန် ဧပြီ ၁၀

အီရတ်နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေမှာ လွန်ခဲ့သည့်တစ်နှစ်၌ ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချခဲ့သော အမေရိကန်ဦးဆောင်သောတပ်များ ယခုထိကြုံတွေ့ခဲ့ရသည့် အဆိုးရွားဆုံးအခြေအနေဖြစ်သည်ဟု ဗြိတိသျှနိုင်ငံခြားရေး ဝန်ကြီး ဂျက်စထရောက သောကြာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ၏ မျှိသိပ်ထားရသော အခြေအနေသည် ပွင့်အန်ထွက်လာသည်ဟု ဂျက်စထရောက ဘီဘီစီရေဒီယိုသို့ ပြောကြားသည်။

အလွန်ဆိုးရွား

အီရတ်နိုင်ငံ၌ လက်ရှိဖြစ်နေသော အခြေအနေသည် အလွန်ဆိုးရွားသည်မှာ သံသယမရှိကြောင်း၊ မိမိတို့တွေ့ကြုံရသော အခြေအနေများတွင် အဆိုးဆုံးဖြစ်ကြောင်းနှင့် ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများ ဆိုးသည်ထက် ဆိုးလာချိန်မှစပြီး ဂျက်စထရောက ပထမဆုံး ဝေဖန်ပြောဆိုရာ၌ ခုခံတိုက်ခိုက်မှုတွင် အီရတ်တို့ အတော်အတန်များပြားကြောင်း ဝန်ခံပြောကြားသည်။

ယနေ့ အမေရိကန်နှင့်အပေါင်းပါတပ်များကို ခုခံတိုက်ခိုက်နေသော အီရတ်တို့သည် များပြားကြောင်း၊ ၎င်းတို့သည် အီရတ်တို့သာဖြစ်ပြီး နိုင်ငံခြားသားများ မဟုတ်ကြောင်း ဂျက်စထရောက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၁၁ ရက်က နယူးကာဆယ်ကွင်း၌ ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်မှ သီယာရီဟင်နရီနှင့် နယူးကာဆယ်မှ အင်ဒီအိုဘရီယန်တို့ ဘောလုံးယှဉ်ပြိုင်လုနေစဉ်။ (ထိုပွဲတွင် ဂိုးမရှိ သရေကျခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကို ကျူးကျော်မှု ဘုရှ်ကို တရားစွဲဆိုသင့်

ဘဂ္ဂဒက် ဧပြီ ၁၁

အီရတ်နိုင်ငံကို ကျူးကျော်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတဘုရှ်အား တရားစွဲဆိုသင့်ကြောင်း ယမန်နေ့ကပြုလုပ်သည့် ဆန္ဒပြပွဲတစ်ရပ်၌ တောင်းဆိုခဲ့သည်။ အမေရိကန်သမ္မတ အိမ်ဖြူတော်ရှေ့တွင် စုဝေးဆန္ဒပြသူများက ကျူးကျော်မှုကို ဆန့်ကျင်ကြွေးကြော်သံများ အော်ဟစ်ခဲ့ကြကာ အမေရိကန်တပ်ဖွဲ့များအား အိမ်သို့ပြန်ခေါ်ရန် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြပွဲကို ဦးဆောင်သူများက အမေရိကန်လူထုအား လိမ်ညာလှည့်ဖြားမှုနှင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြည်သူများ၏ အသက်ဆုံးရှုံးမှုများအတွက် သမ္မတဘုရှ်အား စွဲချက်တင်သင့်ကြောင်း တောင်းဆိုခဲ့ကြသည်။

ယခုသီတင်းပတ်အတွင်း ဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၄၇ဦး သေဆုံးကာ အီရတ်နိုင်ငံသား ငါးရာကျော်သေဆုံးခဲ့ကြောင်း ဆေးရုံသတင်းများက ဖော်ပြသည်။ စစ်ပွဲစတင်ချိန်မှ တစ်နှစ်တာကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၆၅၀ ခန့်သေဆုံးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

(စီစီတီဗွီ)

အီရတ်ရှိ ဩစတြေးလျကူညီထောက်ပံ့ရေးအလုပ်သမားများ ပြန်ပေးဆွဲခံရနိုင်သည်ကို ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးစိုးရိမ်

ကင်ဘာရာ ဧပြီ ၁၁

အီရတ်တွင်ရှိသော ဩစတြေးလျထောက်ပံ့ကူညီရေးအလုပ်သမားများ နောက်တစ်ကြိမ်၌ ပြန်ပေးဆွဲခံရနိုင်သည်ကို မိမိစိုးရိမ်ပူပန်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒာဒေါင်နာက သောကြာနေ့၌ ပြောကြားသော်လည်း အီရတ်မှနေ၍ တပ်များရုပ်သိမ်းရေးကိစ္စကို ဩစတြေးလျအစိုးရအဖို့ အကျပ်ကိုင်ခံရမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ဂျပန်လူမျိုးသုံးဦးနှင့် ကနေဒါတစ်ဦးတို့ ထိုနေ့အစောပိုင်း၌ အီရတ်တွင် ပြန်ပေးဆွဲခံရပြီးနောက် ဒေါင်နာ၏ ဝေဖန်ပြောဆိုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဗြိတိသျှလူမျိုးတစ်ဦးမှာ ပြန်ပေးဆွဲခံရဖွယ်ရှိသည်။

ပြန်ပေးဆွဲခံရဖို့အလားအလာရှိသော ဩစတြေးလျသံရုံးအမှုထမ်းနှင့် အရာရှိများမှာ သိပ်မများကြောင်း၊ ကူညီထောက်ပံ့ရေး အလုပ်သမားများက ပိုများကြောင်း၊ ဩစတြေးလျတောင်ပိုင်း အဒယ်လ်လိတ်၌ သတင်းထောက်များကို ဒေါင်နာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရတနာထီးဖြူစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ရွှေထီးတော်တင်မင်္ဂလာကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၊ ရွှေထီးတော်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၁၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက်၉နာရီတွင် ပဲခူးတိုင်း ပြည်မြို့သို့ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်မြို့ ရတနာထီးဖြူစေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားတွင် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်၌ တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်မြို့ ရတနာထီးဖြူ စေတီတော်မြတ်ကြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓာတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလအား စိန်ဖူးတော်ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်တပ်မမှူး ဗိုလ်မှူးကြီးခင်ဇော်ဦး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

တင်လှူပူဇော်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်မြို့ ရှေးဟောင်းသမိုင်းဝင် ရတနာထီးဖြူစေတီတော်သို့ ရောက်ရှိကြသည်။

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ပြည်မြို့ ရှာဘဲနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် ရတနာထီးဖြူစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော်တင်လှူပူဇော်သည်။

မင်္ဂလာအခမ်းအနားသို့ ရတနာထီးဖြူစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓာတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘုရားဖူး ပြည်သူများ တက်ရောက်ပူဇော် ကြည်ညိုကြသည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

သီလဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓာတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ပက်ဖျန်းချည်နှောင်

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ပင့်ဆောင်၍ စေတီတော်ကြီး၏ ပရဝဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ကြီးအား ရည်မှန်းလျက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓာတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလအား ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓာတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလက အနုမောဒနာ တရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော် ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပသည်။

လှည့်လည်အပူဇော်ခံ

ရှေးဦးစွာ သာသနာအလံကိုင်အဖွဲ့ ဦးဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းခင်းပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်များနှင့် အရံစေတီတော် ထီးတော်များကို မဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်မြတ်ကြီးအား လှည့်လည်၍ အပူဇော်ခံသည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အဖွဲ့ဝင်များနှင့် အလှူရှင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို တီးကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ရထားပုံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ဆက်လက်၍ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ရထားပုံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ရတုပိုဒ်စုံဖြင့်ပူဇော်

ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ အဆိုကျော်များက မင်္ဂလာရေခင်းတော်၊ မင်္ဂလာရတုပိုဒ်စုံတို့ဖြင့် သီဆိုပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ငြမ်းအထက်သို့ တက်ရောက်ပြီး ရတနာထီးဖြူစေတီတော်မြတ်ကြီးအား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။ ယင်းနောက် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်သည်။

ထိုအချိန်တွင် ဝန်ကြီးများနှင့် ဥပါသကာများက အရံစေတီများကို တင်လှူပူဇော်ကြသည်။

ထို့နောက် သီရိသုဓမ္မမဏိဇောတရေ တီးကြားဦးသန်းလှက အမျှပေးဝေပြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးမှုလိုအပ်ချက်တစ်ပြေးညီမြှင့်တင်ပေးရေး စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိ ပံ့ပိုးဖြည့်ဆည်းပေးမှုများအကောင်အထည်ပေါ် အကျိုးဖြစ်ထွန်းရေး စေတနာ၊ ဝီရိယပေါင်းစပ်ဆောင်ရွက်

ပဲခူးတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်၊ ဆည်မြောင်းတာတမံများတိုးပွားပေါ်ထွန်း

ရန်ကုန် ဧပြီ ၁၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ပြည်မြို့၌ ကျင်းပသည့် ရှေးဟောင်းသမိုင်းဝင် ရတနာထီးဖြူစေတီတော် ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတက်ရောက်ကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်တက္ကသိုလ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဦးမြဝင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာဆရာမများက ကြိုဆိုကြသည်။

စာအုပ်စာတမ်းများကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်တက္ကသိုလ်ခန်းမ၌ ခင်းကျင်းပြသထားသော သရေခေတ္တရာ၊ ပြည်မြို့၏ ခေတ်ဟောင်း ပုံရိပ်များ၊သရေခေတ္တရာ ပျူတို့၏ ယဉ်ကျေးမှု မှတ်တမ်းဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ အုတ်များနှင့် သရေခေတ္တရာယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကို ကြည့်ရှုသည်။

ယင်းနောက် တက္ကသိုလ်ခန်းမ၌ ပါမောက္ခချုပ် ဦးမြဝင်းက ပြည်တက္ကသိုလ်၏နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြု ဘာသာရပ်များ၊ကျောင်းသားဦးရေ၊လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏ သင်တန်းများ၊ ကွန်ပျူတာ ၁၂၅ လုံး အသုံးပြုသင်ကြားလျက်ရှိသော IT ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အားအပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်တက္ကသိုလ်မှ ဆရာမများက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား သကြၤန်အကြိုရေပက်ဖျန်း၍ ဂါရဝပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (ပြည်မြို့)သို့ရောက်ရှိကြရာ ကျောင်းအုပ် ဦးစန်းငွေနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကောလိပ်ခန်းမ၌ ကျောင်းအုပ် ဦးစန်းငွေက အစိုးရနည်းပညာကောလိပ်(ပြည်မြို့)၏ နောက်ခံသမိုင်း၊ သင်ကြားလေ့ကျင့်ပေးလျက်ရှိသော အင်ဂျင်နီယာသင်တန်းများ၊ ကျောင်းသား ကျောင်းသူအင်အား၊ ညနေပိုင်းအခြေခံကျွမ်းကျင်မှုသင်တန်းများတွင် သင်ကြားလေ့ကျင့်ပေးလျက်ရှိသော အင်ဂျင်နီယာသင်တန်းများ အပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်မြို့ ခေတ္တရာရတနာခန်းမ၌ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက ပဲခူးတိုင်း (အနောက် ပိုင်းတိုင်းခွဲ)၏ တည်နေရာ၊ အကျယ်အဝန်း၊ အိမ်ထောင်စုနှင့် လူဦးရေ၊ ရာသီဥတုအခြေအနေ၊ မြေအသုံးချမှု၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ စိုက်ဧကတိုးချဲ့ရန် ဆောင်ရွက်နေမှု၊ အဓိက သီးနှံ ဆယ်မျိုး စိုက်ပျိုးထားမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်မြို့နယ်၊ပန်းတောင်းမြို့နယ်၊ပေါက်ခေါင်းမြို့နယ်၊ရွှေတောင်မြို့နယ်၊ ပေါင်းတည်မြို့နယ်၊ သဲကုန်းမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် မိုးညိုမြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်တက္ကသိုလ်ခန်းမ၌ ခင်းကျင်းပြသထားသော သရေခေတ္တရာ ပြည်မြို့၏ ခေတ်ဟောင်းပုံရိပ်များ၊ သရေခေတ္တရာ ပျူတို့၏ ယဉ်ကျေးမှုမှတ်တမ်းဓာတ်ပုံများ၊ အုတ်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် သရေခေတ္တရာယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

တာဝန်ရှိသူများက မိမိတို့မြို့နယ်များအလိုက် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ၊ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်အလိုက် တင်ပြသည့် ပညာရေး၊ ကျန်းမာရေး လုပ်ငန်း ကဏ္ဍအလိုက် တာဝန်ရှိသူများကို မေးမြန်းစိစစ်ပြီး အမှန်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ပြည်မြို့သို့ တိုင်းခွဲဒေသအတွင်း မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း။

စီမံဆောင်ရွက်ပေး

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် တိုင်းခွဲအတွင်းရှိ မြို့နယ်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ တင်ပြချက်များအရ ပေးသင့်ပေးထိုက်သော ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို စိစစ်ဖြည့်ဆည်း စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊တိုင်း၊ တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်များ မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများကို ဒေသဖွံ့ဖြိုးမှု လိုအပ်ချက်များနှင့် တစ်ပြေးညီ အဆင့်မြှင့်တင်ရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့ဖြစ်၍ ယနေ့ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)အတွင်း ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးအဆင့် မြှင့်တင်ပေးမှုများသည် နိုင်ငံတော်အစိုးရက ရည်ရွယ်ရင်းရှိသည်နှင့်အညီ ဆောင်ရွက်ပေးသင့်ပေးထိုက်၍ ဆောင်ရွက်ပေးခြင်းဖြစ်သည်ဆိုသည်ကို တာဝန်ရှိသူအသီးသီးက ခံယူထားကြဖို့ လိုကြောင်း။

ယင်းခံယူချက်နှင့်အညီ တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများအားလုံးက နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှုများကို မိမိတို့ဒေသအတွင်းလက်တွေ့အကောင်အထည်ပေါ်အကျိုးဖြစ်ထွန်းစေရအောင် စေတနာနှင့် ဝီရိယအား ပေါင်းစပ်ပြီး ကြိုးပမ်း ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပဲခူးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော ပြည်နယ်နှင့်တိုင်း ဒေသများနည်းတူ အရှိန်အဟုန်ဖြင့် စီမံပံ့ပိုးဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

သို့ဖြစ်၍ ယခုအခါတွင် ပဲခူးတိုင်းဒေသအတွင်း လမ်းမကြီးများ၊ တံတားကြီးများ တိုးပွားဖြစ်ထွန်းလာပြီး လမ်းပန်းဆက်သွယ်ရေး များစွာတိုးတက်ကောင်းမွန်လာပြီဖြစ်သကဲ့သို့ ဆည်မြောင်းတာတမံကြီးများမှာလည်း

တွေ့ဆုံ အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပြည်မြို့ ခေတ္တရာရတနာခန်းမ၌ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းအတွင်းရှိ မြို့နယ်တိုင်း၌ ဖြန့်ကြက် တိုးပွားပေါ်ထွန်းလာနေသည့်အလျောက် ဝေဟင်မှကြည့်လျှင် ဆည်ရေပြင်များမှာ ပဲခူးတိုင်းတစ်ခွင်လုံး၌ တစ်ဆက်တစ်စပ်တည်းဖြစ်လုနီးပါး ရှိနေပြီဖြစ်သည်ကို တွေ့ရကြောင်း။

ဖြန့်ကြက်တည်ဆောက်ပေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် နိုင်ငံတော်လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်နေ ပြည်သူများမှာလည်း စိုက်ပျိုးရေးကိုအခြေပြုလျက် အသက်မွေးဝမ်းကျောင်းနေကြသည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ အခြေခံအဆောက်အအုံများဖြစ်သည့် ဆည်မြောင်း၊ တာတမံကြီးများကို တစ်နိုင်ငံလုံး၌ ငွေကြေးအကုန်အကျခံ လက်ယှက်ထိုးဖြန့်ကြက် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ တိုးတက်ဖြစ်ထွန်းနေသော အခြေခံအဆောက်အအုံများနှင့် လိုက်လျောညီထွေစွာ လယ်ယာကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများ များစွာရှိနေသေးရာ တိုင်း၊ တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

စည်းရုံးဦးဆောင်

ဆည်ရေများထိရောက် ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ရေသွယ်မြောင်းလက်တံများ စနစ်တကျ တိုးချဲ့တည်ဆောက်ပေးကြရမှာ ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ မှန်ကန်စွာ အသုံးချနိုင်ရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက စည်းရုံးဦးဆောင်သွားကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသော ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများကို ဒေသခံပြည်သူများ ပြည့်ပြည့်ဝဝ အသုံးချထုတ်လုပ်နိုင်စေရအောင် စနစ်တကျ စီမံဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပညာရေးနှင့်စပ်လျဉ်း၍ ကျောင်း၊ အဆောက်အအုံ၊ ပရိဘောဂမှအစ ဆရာ လိုအပ်ချက်အဝဝတို့ ပြည့်စုံလုံလောက်မှု ရှိ မရှိ တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ခံများက ကျေးလက်ဒေသများအထိ အမြဲမပြတ် သွားရောက်လေ့လာပြီး လိုအပ်ချက်များကို ဆင့်ကဲဆင့်ကဲ တင်ပြကြဖို့ လိုကြောင်း။

မျက်ခြည်မပြတ်လေ့လာ

အလားတူပင် ကျန်းမာရေးကဏ္ဍ၌လည်း ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများ လိုအပ်ချက်၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်ပြေးညီ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ပေးရန် လိုအပ်ချက်တို့ကို တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ခံများက မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး ဖြည့်ဆည်းစီမံပေးခြင်း၊ မိမိအဆင့်ဖြင့် မဆောင်ရွက်နိုင်သည်များကို အထက်အဆင့်သို့ မှန်ကန်စွာ တင်ပြခြင်းများ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မှန်ကန်စွာဖော်ထုတ်

နိုင်ငံတော်အစိုးရ အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နယ်မြေဒေသ တာဝန်ခံ ဌာနဆိုင်ရာ အရာရှိများက ကျေးလက်အထိဆင်းပြီး ပြည်သူများနှင့် ထိတွေ့၍ ပြည်သူများ၏ အခြေအနေနှင့် လိုအပ်ချက်များကို မှန်ကန်စွာ ဖော်ထုတ်ဖြည့်ဆည်းပေးနိုင်ပါမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းမှာဖြစ်ကြောင်း။

အလားတူပင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်က ဖွဲ့စည်းပေးထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီအသင်းစသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားကိုလည်း ရယူဆောင်ရွက်ကြဖို့ လိုကြောင်း။

ပြည်သူများအတွင်း၌ ရှိသော စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှု စွမ်းအားကို ထိုက်တန်စွာအသုံးပြုနိုင်သည်နှင့် အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာလည်း လိုလေသေးမရှိပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာမှာ အမှန်ပင် ဖြစ်ကြောင်း။

ပေါင်းစည်းယှက်နွယ်နေထိုင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် လူမျိုးပေါင်းတစ်ရာကျော် ပေါင်းစည်းနေထိုင်ကြသည့်ပြည်နယ်နှင့် တိုင်းများဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးဖြစ်ရာ ပြည်နယ်၊ တိုင်းအသီးသီးသည်လည်း တိုင်းရင်းသားလူမျိုးစုများ ပေါင်းစည်းယှက်နွယ်နေထိုင်ကြသည့် ပြည်ထောင်စုငယ်လေးများပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိတို့ တာဝန်ထမ်းဆောင်နေကြသည့် ပြည်ထောင်စုငယ်လေးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုးစုများအကြား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးအတွက် ဌာနဆိုင်ရာအကြီးအကဲများက မှန်ကန်သော စည်းရုံးဦးဆောင်မှုပေးကြဖို့ တာဝန်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဌာနဆိုင်ရာတာဝန်ရှိသူများအချင်းချင်းလည်း စုစည်းညီညွတ်စွာဖြင့် လုပ်ငန်းကဏ္ဍအလိုက်ဖွဲ့စည်းပေးထားသော ကော်မတီများတွင် အမြဲမပြတ်စုဝေးဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီးစုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် မှာကြားလိုသည်မှာ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံ့ဝန်ထမ်းများအားလုံးက ဗျူရိုကရေစီအကျင့်စရိုက်များ ရှောင်ရှားပြီး အခြေခံဒေသကျေးလက်များအထိဆင်းကာ ပြည်သူနှင့် တပေါင်းတစည်းတည်း တစ်သားတည်းရှိစေလျက် ပြည်သူများအကျိုး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်တက္ကသိုလ်ခန်းမ၌ တက္ကသိုလ်၏ သင်ကြားစီမံကိန်းစီမံကိန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစိုးရနည်းပညာကောလိပ် (ပြည်မြို့) ၌ သင်ကြားစီမံကိန်းစီမံကိန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက်သို့ သွားရောက်၍ သက်တော်(၉၉)နှစ်ရှိပြီဖြစ်သော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည် ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇာဗလအား ဖူးမြော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်မြို့နယ် မှော်ဇာသို့ ရောက်ရှိကြပြီး ရှေးဟောင်းသုတေသန ဦးစီးဌာနကွင်းဆင်းနည်းပညာသင်တန်းကျောင်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်လေဆိပ်သို့ ရောက်ရှိကြရာ လူမှုရေးအသင်းအဖွဲ့ဝင်များက သကြိန်အကြို အတာရေဖြင့် ပက်ဖျန်းဂါရဝပြုကြသည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက်၌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည် ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇာဗလအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းသကၤန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ-ဖိလစ်ပိုင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ပထမအကြိမ်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဝင်းအောင်၏ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်သည် မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးတက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ်ဖိုဘီအေဂိုမက်ဇ်နှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင်မြန်မာ-ဖိလစ်ပိုင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ဒယ်လီယာဒိုမင်ဂိုအယ်လ်ဘတ်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထို့နောက် နှစ်ဖက်သဘောတူညီသော အစည်းအဝေးမှတ်တမ်းကို နှစ်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီးများက အတည်ပြုလက်မှတ်ရေးထိုးကြသည်။ အစည်းအဝေးအပြီးတွင် ပူးတွဲသတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်သည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဝင်းအောင်က ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ဒယ်လီယာဒိုမင်ဂိုအယ်လ်ဘတ် ခေါင်းဆောင်သော ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့အား ဆီဒိုးနားဟိုတယ်တွင်ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ချမ်းအေးဆရာတော် ရွှေရတုဘဝခရီးစာစောင်ထုတ်ဝေ

ရန်ကုန် ဧပြီ ၁၂

ချမ်းအေးဆရာတော် ဘဒ္ဒန္တ နာဂသေနာဘိဝံသထေရ်၏ သက်တော် (၅၀)ပြည့် အထိမ်းအမှတ်အဖြစ် စီမံထုတ်ဝေလိုက်သော ချမ်းအေး ဆရာတော် ရွှေရတုဘဝခရီးစာစောင်တွင် ဆရာတော်၏ သာသနာ့ဝန်ထမ်းဘဝဖြစ်စဉ် ဖြစ်ရပ်များ အကျဉ်း၊ဘာသာသာသနာဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ၊ ပရိယတ္တိသာသနာကိုအခြေခံ၍ ပဋိပတ္တိသာသနာကို ထူထောင်ကာ ပဋိဝေဓ သာသနာ၌ မည်ပုံမည်သို့ တည်ဆိုက်အောင် အားထုတ်ခဲ့ပုံတို့ကို ဖော်ပြထားသည်။

ယင်းစာစောင်ကို ချမ်းအေးရိပ်သာ ရန်ကုန်မြို့ (သုဝဏ္ဏ) သဃ်္ဃန်းကျွန်း မြို့နယ် ဖုန်း-၅၇၂၁၀၆ က ထုတ်ဝေဖြန့်ချိသည်။ **(သတင်းစဉ်)**

သာယာအေးဆရာတော်တရားပွဲ

ရန်ကုန် ဧပြီ ၁၂

မြောက်ဥက္ကလာပမြို့ ဝေဘာဂီမြို့သစ် ရန်မျိုးအောင်ဆုတောင်းပြည့် စေတီမြတ်ကြီးတွင် ဧပြီ၁၃ရက်မှ ၁၇ ရက်အထိ နေ့စဉ် မဟာစည်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ သာယာအေးဆရာတော် အရှင်နရသေဋ္ဌက အခြေခံ ဝိပဿနာတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဝိုင်အမ်ဘီအေအသင်း အမှုဆောင်ရွေးချယ်ပွဲ

ရန်ကုန် ဧပြီ ၁၂

ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း ၂၀၀၄–၂၀၀၆ ခုနှစ် အမှုဆောင်သစ်ရွေးချယ်ပွဲအတွက် အမှုဆောင် လျှောက်လွှာပုံစံများကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်)၌ စတင်ထုတ်ယူနိုင်၍ မေ ၁ရက်မှ ၃၀ရက်အထိ လျှောက်လွှာများ လက်ခံမည်ဖြစ်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

သားငါးပွဲ ပြီး ပြည်အကျိုး

မြန်မာ့ရိုးရာသင်္ကြန်ပွဲ နှဲကြစို့တူပျော်ပျော်

သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ
စာပလွေခင်း၊ ပဥ္စင်းတော်ခံ
စာရေးတံနှင့် မြစ်ယံပွဲကြီး
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း
မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး
ဂူလုံးသဲပုံ၊ ဈေးစုံစီလျှဉ်
ဤသို့ယှဉ်ထား၊ လစဉ်အမြဲ
ဆယ့်နှစ်ပွဲ။

အောင်ဝင်း (မျာပုံ)

(လက်ဝဲသုန္ဒရအမတ်ကြီး)

မြန်မာ့ရိုးရာ ဆယ့်နှစ်ရာသီပွဲတော် လအလိုက် ပျော်ပွဲရွှင်ပွဲများကား ကြည်နူးအတုယူဖွယ် ကောင်းလှပေသည်။ ဆယ်နှစ်ရာသီ ပွဲတော်များတွင် ဘာသာတရား အဆုံးအမအရ ကျင်းပသော ပွဲတော်များလည်း ရှိသည်။ မြန်မာ့ရေမြေ တောတောင်နှင့် မြန်မာတို့၏ ဝတ်စားဆင်ယင်မှုများကို အခြေခံလျက် ရှေးမင်းများ အဆက်ဆက်က ပြုလုပ်ခဲ့သော ရိုးရာယဉ်ကျေးမှု ပွဲတော်များလည်း ပါဝင်လျက်ရှိပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအရ ပြုလုပ်သည့်ပွဲတော်များက ရိုးရာယဉ်ကျေးမှု ဓလေ့ ထုံးတမ်းအစဉ်အလာများကို မယိုယွင်းမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

မြန်မာတို့၏နှစ်သစ်ကူး အထူးစည်ကားလှသော ပွဲတော်မှာ တန်ခူးလတွင် ကျင်းပလျက်ရှိသော ရေစင်ပက်ဖျန်းကစားသည့် သင်္ကြန်ပွဲတော်ဖြစ်ပေသည်။ နိုင်ငံတကာအလယ်တွင် တစ်မူထူးခြားလှသည့် မြန်မာ့ရိုးရာ အမွေအနှစ်စစ်စစ် ပွဲတော်ဖြစ်သည်။

သင်္ကြန်ဟူသော ဝေါဟာရသည် သင်္ကန္တ ဟူသော ပါဠိဝေါဟာရမှတစ်ဆင့် ဖြစ်ပေါ်လာသော စကားလုံးဖြစ်သည်။ ပြောင်းလဲခြင်း၊ ရွေ့လျားခြင်းဟူသော အနက်အဓိပ္ပာယ် ရရှိသည်။ ထို့ကြောင့် သင်္ကြန်ဆိုသည်မှာ ရာသီပြောင်းလဲခြင်း၊ နှစ်ဟောင်းမှနှစ်သစ်သို့ပြောင်းလဲခြင်း၊ နှစ်ဟောင်း၏ နောက်ဆုံးလဖြစ်သော တပေါင်းလမှာ နှစ်သစ်၏ ပထမဆုံးလဖြစ်သည့် တန်ခူးလသို့ ပြောင်းလဲခြင်း၊ မိန်ရာသီမှ မိဿရာသီသို့ ပြောင်းလဲခြင်းတို့ကို သင်္ကြန်ဟု ခေါ်ဆိုကြောင်း လေ့လာသိရှိရသည်။

မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို ရှေးမင်းများ အဆက်ဆက်မှ

မျက်မှောက်ကာလအထိ ဆင်ယင်ကျင်းပရာတွင် ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ရိုးရာဓလေ့စရိုက်များ မယိုယွင်းမပျက်စီးရလေအောင် နိုင်ငံတော် အဆင့်ဆင့်မှ အောက်ခြေအထိ အဆင့်ဆင့်ကြီးကြပ် ကွပ်ကဲဆောင်ရွက်ပေးလျက်ရှိနေပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်၏ အနှစ်သာရများကို စိစစ်ကြည့်မည်

ဆိုပါက နှစ်ဟောင်းမှ မကောင်းသော၊ ညံ့သောစိတ်ဓာတ်၊ အပြုအမူ၊ လုပ်ရပ်များကို နှစ်သစ်သို့မပါသွားအောင် သင်္ကြန်ရေနှင့် ဆေးကြောသန့်စင် ခဝါချပြုပြင်ခြင်းသဘောကိုလည်း တွေ့ရှိရသည်။

သို့ဖြစ်၍ သင်္ကြန်ရက်များအတွင်း နှစ်ဟောင်းက အညစ်အကြေးများကို သီလနှင့်ဆေးကြောကြသည်။ ဒါနနှင့် ဆေးကြောကြသည်။ ဘာဝနာနှင့် ဆေးကြောကြသည်။ စိတ်ဓာတ်နှင့် ဆေးကြောပြုပြင်ကြသည်တို့ကို မြင်တွေ့ရမည် ဖြစ်သည်။

မျက်မှောက်ခေတ်တွင် သင်္ကြန်ပွဲကို ရေကစားပွဲဟု အများလူငယ်တို့က ထင်မှတ်နေကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ကို အခွဲခွာ၍ အကာပစ်ပြီး အနှစ်ထိအောင် လိုက်ကြည့်မည်ဆိုပါက သင်္ကြန်၏ အဓိပ္ပာယ်မှာ အလွန်ယဉ်ကျေးသိမ်မွေ့လှပပေသည်။ ရှေးရိုးအစဉ်အလာအရ အမွှေးနံ့သာရည်တို့ကို ငွေဖလားမှာ ရေနှင့်ရောထည့်လျက် သပြေခက်နှင့် ရေပက်ရန် အခြေအနေမပေးသော်လည်း ရေပိုက်ကြီးများနှင့် တရကြမ်းရေပက်ခြင်း၊ ခွက်စောင်းခုတ်၍ ခပ်ကြမ်းကြမ်း ရေပက်ကစားခြင်းတို့မှာ သင်္ကြန်၏သရုပ်ကို ပျက်စေရုံသာမက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လည်း ဆန့်ကျင်လျက်ရှိသည်ကို ဆင်ခြင်သတိပြုရမည်ဖြစ်သည်။

သင်္ကြန်ရက်များတွင် ပက်ဖျန်းသည့်ရေကို “မေတ္တာရေ” ဟု တင်စားချင်ပါသည်။ နှစ်သစ်ကူး မင်္ဂလာအချိန်အခါတွင် တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကစားကြခြင်း အနှစ်သာရကား နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ခြင်း၊ အေးမြကြည်လင်၍ မေတ္တာသက်ဝင် ချစ်ခင်ခြင်း၊ ရေကိုသား၍ အကြားမထင်သော စည်းလုံးညီညွတ်ခြင်းဟူသည့် နိမိတ်ပုံများဖြစ်သည်ကို ရှေးအစဉ်အဆက်မှ မြန်မာတို့၏ နှလုံးသားအသိစိတ်ဖြင့် အမြတ်တနိုးခံယူဆောင်ရွက်ခဲ့ကြသည်ကိုလည်း ပြန်ပြောင်းသတိရလျက် သင်္ကြန်ရေ သဘင်ပွဲကို ဆင်ယင်ကျင်းပရမည် ဖြစ်ပေသည်။

နိုင်ငံတော်တစ်ဝန်းတွင် လမ်းသစ်၊ တံတားအသစ်များ အစီအရီပေါ်ထွက်လျက်ရှိနေပါသည်။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် နှစ်ဟောင်းက အဟောင်းအညစ်များချန်ခဲ့၍ နှစ်သစ်တွင် စိတ်ကောင်း စိတ်သစ်များဖြင့် နှစ်သစ်အချိန်အခါသမယကို လက်ကမ်းကြိုဆိုရမည် ဖြစ်သည်။

မြန်မာတို့၏ အရိုးခံမွန်မြတ်သော ဓလေ့အစဉ်အလာနှင့် မေတ္တာချစ်ခင်၊ နှစ်လိုဖွယ်ဖြစ်အောင် ဆင်ယင်ကျင်းပနိုင်ရေးကို ရည်ရွယ်လျက် **“မြန်မာ့ရိုးရာသင်္ကြန်ပွဲ နှဲကြစို့တူပျော်ပျော်”** ဟု ရေးသားတင်ပြလိုက်ပါသည်။ ။

ပျော်ရွှင်စွာရေကစား

၁၃၆၄ ခုနှစ် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း၌ လူငယ်များ ပျော်ရွှင်စွာ ရေကစားကြစဉ်။

(ဓာတ်ပုံမှတ်တမ်း– ရွှေအင်းသား ခင်မောင်ဝင်း)

၁၃၆၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ လှပျိုဖြူကလေးများ၏ အလှ၊အပ၊အက များဖြင့် သင်္ကြန်ကို ကြိုဆိုခဲ့ကြသည်။

(ဓာတ်ပုံမှတ်တမ်း–ရွှေအင်းသား ခင်မောင်ဝင်း)

အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၂

ပြင်ဦးလွင်မြို့ ကြူးဇက်ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၄ရက် (စနေနေ့)တွင် ပြင်ဦးလွင်မြို့ ပုလဲခန်းမတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ကျောင်းသူ ကျောင်းသားဟောင်းများ အမြန်ဆက်သွယ် လှူဒါန်းကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၂–၂၀၀၃ ပညာသင်နှစ်အထိ အခြေခံပညာ အထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသော ကြူးဇက်ရင်သွေး သားသမီးများ အမှတ်စာရင်းမိတ္တူ၊ ဓာတ်ပုံတို့ကို ဒေါက်တာရဲလင်းထက် ဖုန်း–၀၈၅–၂၁၆၂၅၊ ဒေါ်ကြည်ကြည်ဝင်း(ရွှေကျီး) ဖုန်း–၀၂–၈၈၅၇၃၊ Salim+ SweSwe Than, ဖုန်း–၀၁–၂၅၁၉၉၃တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (က–ပ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

၁၃၆၅ ခုနှစ် သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို လေးဒေါင့်ကန် လမ်းမကြီးပေါ်တွင် ဧပြီ ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က–ပ)

အတွင်းရေးမှူး(၁)ရေဝတီတံတား(ရတနာပုံ) သံပေါင်တင်မဂ်လာအခမ်းအနားတက်ရောက် အစိုးရနည်းပညာကောလိပ်(မန္တလေး)စစ်ဆေး၊ ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ဖွင့်လှစ်ပေး ကျေးရွာသုံးဇီဝဓာတ်ငွေ့ထုတ်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်မှာကြား

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရေဝတီမြစ်ကူးရေဝတီတံတား(ရတနာပုံ) သံပေါင်တင်မင်္ဂလာအခမ်းအနားတွင် တံတားသံပေါင်၌ ရွှေမှုလီကို တပ်ဆင်ပေးပြီး သံပေါင်တင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၂

မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့ကို ဆက်သွယ်မည့် ရေဝတီမြစ်ကူး ရေဝတီတံတား(ရတနာပုံ) သံပေါင်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၁ရက် နံနက် ၉နာရီခွဲတွင် မန္တလေးဘက်ကမ်း ပင်မတံတားတိုင်အနီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး တံတားသံပေါင်၌ ရွှေမှုလီကို တပ်ဆင်ပေးသည်။

ရေဝတီတံတား(ရတနာပုံ) သံပေါင်တင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနအကြီး အကဲများ၊ မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေဝတီ တံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းဝန်ထမ်းများ တက်ရောက် ကြသည်။

အခမ်းအနားတွင် မင်္ဂလာအချိန် ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ရေဝတီတံတား(ရတနာပုံ) တည် ဆောက်ရေးစီမံကိန်း မန္တလေးဘက် ကမ်း၏ တံတားသံပေါင်၌ ရွှေမှုလီ များကို တပ်ဆင်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် တံတားသံပေါင် ကို ပရိတ်ရေ၊ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် သံပေါင်တင် မင်္ဂလာအခမ်းအနား၏ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တံတားသံပေါင်ကို မန္တလေးဘက်ကမ်း ပင်မတံတား တိုင် RP1ပေါ်သို့ ဝန်ချီစက်ဖြင့် မတင်ပြီး မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာ

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် သံပေါင်တင် မင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်း ဆောင်၌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရေဝတီတံတား (ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီးများက တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် ပြီးစီးသည့် တည် ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ် စောထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြ ရာ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည် များကို မှာကြားသည်။

ထိုမှတစ်ဆင့်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရေဝတီမြစ်ကူး ရေဝတီတံတား (ရတနာပုံ) သံပေါင်တင် မင်္ဂလာအခမ်းအနားတွင် တံတားသံပေါင်၌ ရွှေမှုလီကို တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့ စက်ရုံနှင့် အဆောက်အအုံဆောက် လုပ်ရေးလုပ်ငန်းမှ တာဝန်ခံ အင်ဂျင် နီယာ ဦးဖိုးထူးက အစိုးရနည်းပညာ ကောလိပ် (မန္တလေး)တည်ဆောက် ရေးလုပ်ငန်းများနှင့် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းအုပ်ကြီး ဒေါ်ဝင်းမေက အစိုးရနည်းပညာ ကောလိပ်(မန္တလေး)တွင် ဖွင့်လှစ် သင်ကြားလျက်ရှိသည့် သင်တန်းများ နှင့် ကျောင်းသားကျောင်းသူများ တက်ရောက်သင်ကြားမှု အခြေအနေ များ၊ ဖြည့်ဆည်းပေးရန် လိုအပ် ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူများ ပေါ်ထွက် လာရေး၊ ယင်းသို့ပေါ်ထွက်လာစေရန် ဆရာ ဆရာမများက မြင့်မြတ်သော စိတ်ထားများဖြင့် အလေးထား လေ့ကျင့် သင်ကြားပေးရေးကိစ္စတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အစိုးရနည်း ပညာ ကောလိပ်(မန္တလေး) အဆောက် အအုံများ ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေး တက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

တိုင်းရင်းဆေးတက္ကသိုလ်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဒေါက်တာမြတ်မိုးက မန္တလေးမြို့၌ တိုင်းရင်းဆေး တက္ကသိုလ်ဖွင့်လှစ်ခဲ့မှု၊ တက္ကသိုလ်

စာမျက်နှာ ၁၂ ကော်လံ ၁

မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ပလတ်စတစ် စက်ရုံ (ကျောက်ဆည်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက် ပညာသင်ကြားနေမှု၊ တိုင်းရင်းဆေး တက္ကသိုလ် အဆောက်အအုံများ ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ကျောက်ဆည်မြို့သို့ ရောက်ရှိကြပြီး ကျောက်ဆည် စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ဆင်အကအဖွဲ့များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) ဆိုင်းဘုတ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)တည်နေရာ၊ စက်ရုံတည်ဆောက်ရသည့် ရည်ရွယ်ချက်၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘိလပ်မြေအိတ်ခွံထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက စက်ရုံနှင့် စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)မှာ တစ်နှစ်လျှင် ဘိလပ်မြေအိတ်ခွံ ကိုးသန်း ထုတ်လုပ်ပေးနိုင်မည့် စက်ရုံဖြစ်သည်။နောင်တွင် ကြက်သွန်အိတ်များပါ ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်)သို့ ရောက်ရှိကြရာ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

သုတေသနပြု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာ မဟာဌာန ဌာနမှူး ဒေါက်တာဒေါ်မြမြဦးက ရန်ကုန်နည်းပညာတက္ကသိုလ်က စမ်းသပ်သုတေသနပြု ဆောင်ရွက်လျက်ရှိသည့် ဇီဝဓာတ်ငွေ့သုတေသနလုပ်ငန်း၊ ဇီဝဓာတ်ငွေ့ဖြင့် ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့ အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ပေးနိုင်မှု၊ ဇီဝဓာတ်ငွေ့ထုတ်ကန်မှ ရရှိသော သဘာဝမြေသြဇာနှင့် သဘာဝမြေသြဇာ၏ အစွမ်းသတ္တိများ၊ သစ်တိုသစ်စ စပါးခွံများဖြင့် ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ချက်များ၊ ဇီဝမြေသြဇာ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျေးရွာများ၌ အသုံးပြုနိုင်ရန် စည်းရုံးဆောင်ရွက်ခဲ့မှုနှင့် ကျေးရွာလူထုကြိုက်နှစ်သက် သုံးစွဲနေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားနှင့် သဘာဝမြေသြဇာရရှိနိုင်သည့် ကျေးရွာသုံးဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီဝဓာတ်ငွေ့ သုတေသနလုပ်ငန်း၊ ဇီဝမြေသြဇာ သုတေသနလုပ်ငန်း၊ အပင်တစ်သျှူး မွေးမြူမျိုးပွားခြင်းလုပ်ငန်းစသည့် သုတေသနပြု ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြသထားမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်၍ လျှပ်စစ်မီးအသုံးပြုလျက်ရှိပြီး သဘာဝမြေသြဇာအသုံးပြုနိုင်လျက်ရှိသည့် ကျေးရွာများမှ ရွာသူ ရွာသားများအား တွေ့ဆုံမေးမြန်းရာ ရွာသူရွာသားများက ဇီဝဓာတ်ငွေ့ ထုတ်ကန် တည်ဆောက်အသုံးပြုခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။

အချင်း ၁၇ ဒသမ ၂ လက်မ၊ အမြင့် ၁၀ ပေ၊ ကန်ထုထည် ၅၀ ကုဗမီတာ အတိုင်းအတာရှိသည့် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျောက်ဆည်မြို့နယ် အတွင်းရှိ ကျေးရွာကိုးရွာ၊ တံတားဦးမြို့နယ် အတွင်းရှိ ကျေးရွာသုံးရွာတွင် စမ်းသပ်တည်ဆောက်ခဲ့သည်။

ဓာတ်ငွေ့ထုတ်ယူနိုင်

အဆိုပါ ဇီဝဓာတ်ငွေ့ထုတ်ကန်များတွင် နွားချေး၊ ဝက်ချေး၊ မြင်းချေးစသည့် တိရစ္ဆာန် စွန့်ပစ်ပစ္စည်းများ၊ ကောက်ရိုး၊ပြောင်းရိုး၊ ဂျုံရိုး၊ နှမ်းရိုး စသည့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ၊ အကိုင်း၊ အခက်များ၊ မြက်ပင်များ၊ ဗေဒါများ၊ သစ်ရွက်ကြွေများစသည့် သစ်တောဘေးထွက်ပစ္စည်းများ၊ စက်ရုံနှင့် မြူနီစီပယ် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်ယူနိုင်သည်။

ထွက်ရှိလာသည့် ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် အပြင် သဘာဝမြေသြဇာများ ရရှိကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်ရှိ CNC Machine Shop လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် လိမ္မော်၊ ပျားလိမ္မော်နှင့် ပြည်ပသစ်ခွများကို တစ်သျှူးနည်းဖြင့် သုတေသနပြုမွေးမြူစမ်းသပ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီဝမြေသြဇာ ပြင်ဆင်ခြင်းသုတေသနလုပ်ငန်းများကို လည်းကောင်း၊ သစ်တိုသစ်စများ အသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲလောင်စာဖြစ်သော ဇီဝဓာတ်ငွေ့ကို နွားချေးနှင့် သစ်တိုသစ်စမှ ထုတ်ယူ၍ ကျေးလက်သုံး လျှပ်စစ်စွမ်းအင်ရရှိရေးဆိုင်ရာ သုတေသန လုပ်ငန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာမဟာဌာနကကြီးမှူး၍ လေ့လာစမ်းသပ်တီထွင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အစိုးရနည်းပညာကောလိပ်(မန္တလေး)အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မွန်တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ လှိုင်သာယာစက်မှုဇုန်၌လေ့လာ

ရန်ကုန် ဧပြီ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ တန်ခိုးကြီးဘုရားများ ဖူးမြော်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော မွန်ပြည်နယ် ရေးချောင်းဖျားဒေသမှ မွန်တိုင်းရင်းသား၊တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင် ၅၂ ဦးတို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီးအေးကျော် လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန်ရှိ Max အချိုရည်စက်ရုံ၊ ပန်းလှိုင်ဂေါက်ကွင်း အိမ်ရာစခန်းနှင့် FMI City တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ယမန်နေ့နံနက်ပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များသည် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းရေလယ်ဘုရားအား သွားရောက်ဖူးမြော် ကြည်ညိုကြကာ အလှူငွေများကို ထည့်ဝင်လှူဒါန်းကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၃-၄-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ မြန်မာသင်္ကြန်
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Advantages & Disadvantages of Operating a Business (အိမ်တွင်းစီးပွား)
၅း၂၀ ၈။ မြန်မာသင်္ကြန်
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ မြန်မာ့ရှုခင်း
၆း၃၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သင်္ကြန်မိုး"** (အပိုင်း-၂) **ဒါရိုက်တာ**-ဦးတင်ဦး **သရုပ်ဆောင်**-နေအောင်၊ ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ လျှပ်တစ်ပြက်
၁၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၃၂)
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

မဟာသင်္ကြန်ရေကစားမဏ္ဍပ်ဖွင့်

သင်္ကြန်အကြိုနေ့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

မဟာသင်္ကြန်အကြိုနေ့ မြို့တော်သူမြို့တော်သားတို့ပျော်ရွှင်စွာဆင်နွှဲရန်ဖြင့်ဆင် ရေကစားမဏ္ဍပ်ပေါင်း ၄၀၀ကျော်၌ ယဉ်ကျေးသိမ်မွေ့စွာရေကစား

ရန်ကုန် ဧပြီ ၁၂

ယနေ့သည် ၁၃၆၅ခုနှစ် မဟာသင်္ကြန်အကြိုနေ့ဖြစ်သည်။ ယခုနှစ် မဟာသင်္ကြန်ကာလသည် သင်္ကြန်အကြတ်နေ့နှစ်ရက်ဖြစ်နေသဖြင့် ငါးရက်တိုင်တိုင် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကြီးကို ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နွှဲပျော်ကြရမည်ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများနှင့်အညီ ရေသဘင်ပွဲတော်ကြီး နွှဲပျော်ကြရန် ပြည်သူများ စောင့်စားလျက်ရှိကြသည်။

ထို့ကြောင့် (ယခုနှစ်)၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို နိုင်ငံတော်က မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေပြီး နိုင်ငံတော်၏ တာဝန်များကို နှစ်သစ်တွင်စွမ်းအားအပြည့်ဖြင့်ဆောင်ရွက်နိုင်ကြစေရန်နှင့် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်ဟူသော ရည်ရွယ်ချက်များချမှတ်လျက်စည်ကားသိုက်မြိုက် အေးချမ်း ပျော်ရွှင်စွာ ဆင်ယင်ကျင်းပသွားရန်အဘက်ဘက်မှ အကြားအလပ်မရှိအောင် စီစဉ်ဆောင်ရွက်ထားရှိပြီးလည်းဖြစ်သည်။

ယခုနှစ်မဟာသင်္ကြန်ပွဲတော်ကြီးတွင် ရန်ကုန်မြို့တော်အတွင်း မြို့နယ်များရှိ ရပ်ကွက်များ၊ လမ်းများ၌ ရေပက်မဏ္ဍပ်များ၊ ဆုပေးမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များ အပြင် အာဟာရဒါနပြု စတုဒိသာ မဏ္ဍပ်များဖြင့် အထူးစည်ကားစွာ ရေသဘင်ပွဲတော်ကြီးကို နွှဲပျော်ကြမည်ဖြစ်သည်။ ယခုနှစ်တွင် မဏ္ဍပ်ပေါင်း ၄၀၀ကျော်ကို သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဆောက်လုပ်ရေကစားခွင့်ပြုထားရာ ရပ်ကွက်အလိုက်၊လမ်းအလိုက်ရေကစားမဏ္ဍပ်များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ရေကစားမဏ္ဍပ်များ၊ကြော်ငြာမဏ္ဍပ်များ၊ ဌာနဆိုင်ရာများ၏ ရေကစားမဏ္ဍပ်များကို ရန်ကုန်မြို့တော် နေရာအနှံ့အပြား၌ တွေ့ရှိရသည်။

ရန်ကုန်ပြည်လမ်းနှင့် ကန်ရိပ်သာလမ်းထောင့်ရှိ MK Trading Company ၏ ဆိုနီယာရှန်ပူ မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ညနေ ၄ နာရီတွင် အဆိုပါ ရေကစားမဏ္ဍပ်၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

အထူးသဖြင့် ကမာရွတ်မြို့နယ်၌ အင်းလျားလမ်းတစ်လျှောက်တွင်လည်းကောင်း၊ ဗဟန်းမြို့နယ်၌ တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံလမ်း၊ ဦးချစ်မောင်လမ်း၊စက်မှု ၁ လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ဓမ္မစေတီလမ်း၊ ရွှေတောင်ကြားလမ်းနှင့် ရွှေဂုံတိုင်လမ်းမကြီးတို့၌ လည်းကောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီလီမိတက်များ၏ ရေကစားမဏ္ဍပ်များ၊ ရပ်ကွက်နှင့် လမ်းမိသားစု ရေကစားမဏ္ဍပ်များ ဆောက်လုပ်ထားရှိပြီး အချို့ရေကစားမဏ္ဍပ်များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ အတာရေသဘင်ပွဲတော်ကြီးကို စတင်ဆင်နွှဲကာ ရေကစားကြသည်ကိုတွေ့ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၃

အကဖြင့်ပျော်ဖြေ

ရခိုင်မောင်မယ်တို့၏ ရခိုင်ရိုးရာ သင်္ကြန်အကဖြင့် ဖျော်ဖြေစဉ်။
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

၁၃၆၅ခုနှစ် သင်္ကြန်အကြိုနေ့က အင်းလျားလမ်းမကြီးတစ်လျှောက် ပျော်ရွှင်စွာ ရေပက်ကစားစဉ်။
ဓာတ်ပုံ–ထွေးကြည်(မြန်မာ့အလင်း)

၁၃၆၅ခုနှစ် သင်္ကြန်အကြိုနေ့က သိမ်ဖြူ လမ်းမကြီးတစ်လျှောက် ပျော်ရွှင်စွာ ရေပက်ကစားစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

● **ကျောဖုံးမှ**

အပေါင်း အညစ်တို့ကို ထားရစ်၍ အကောင်းအသစ်တို့သာ ထပ်၍ထပ်၍ ဖြစ်ပေါ်လာပေတော့မည်။

ကူးပြောင်းရောက်ပါပြီ။ ပြည်သူများမျှော်လင့်နေသော မဟာသင်္ကြန်ပွဲတော်ကြီး ကျရောက်လို့လာပါပြီ။ မြန်မာတစ်ပြည်လုံး ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားကြသည်။ ရန်ကုန်မြို့တွင် နံနက်စောစောကပင် ကလေး၊ လူကြီး၊ လူငယ်၊ လူရွယ်များ လမ်းများပေါ်တွင် ရေကစားကြသဖြင့် ပူပြင်းခြောက်သွေ့သောရာသီကိုအေးမြသွားစေပေသည်။

ယခုနှစ်သင်္ကြန်သည်အကြို၊အကျ၊ အကြတ်၊ အတက်အပြင် အကြတ်နေ့ တစ်ရက်ပိုလာသဖြင့်တဝကြီးရေကစားကြရမည် ဖြစ်ပေသည်။

တက္ကသိုလ်ရိပ်သာလမ်း၊အင်းလျားလမ်းနှင့် ဆရာစံလမ်းတစ်လျှောက်တွင်အချိုရည်၊သောက်ရေသန့်၊ အခြား စားသောက်ကုန် ထုတ်လုပ်သော ကုမ္ပဏီ အသီးသီးတို့၏ အပြိုင်အဆိုင် လှပစွာ ရေကစားမဏ္ဍပ်များ တည်ဆောက်၍ရေပိုက်ငယ်များဖြင့် ရေကစားခြင်း၊ ရိုးရာအကများဖြင့်ဖျော်ဖြေခြင်း၊ တေးသီချင်းများသီဆို ဖျော်ဖြေခြင်းများဖြင့်စည်ကားလျက်ရှိပေသည်။

သိမ်ဖြူလမ်း၊ဗိုလ်ချုပ်လမ်း၊ဦးချစ်မောင်လမ်းတို့တွင်လည်း ရေကစားမဏ္ဍပ်များယခင်နှစ်များကထက် ပိုမိုများလာပြီး ရေပက်ခံကားများလည်း မနည်းလှပေ။

ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ယာဉ်အန္တရာယ်ကင်းဝေးစေရန်၊ ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်စေရန် နေရာအနှံ့ကြီးကြပ်ထိန်းသိမ်းသည့်အပြင် မဏ္ဍပ်များတွင်လည်း စည်းကမ်းတကျရေကစားနိုင်ကြရန် ယာဉ်ထိန်းရဲ၊ အရန်မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့များက စောင့်ကြပ်ပေးလျက်ရှိပေသည်။

၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်လှစ်ပေးသည်။ ထိုစဉ် မြို့တော်ဝန်မဟာသင်္ကြန်ယိမ်းအဖွဲ့များ၊တိုင်းရင်းသားများ၏စုပေါင်းအကနှင့်ကျောင်းသူကျောင်းသားလေးများက မြနန္ဒာသီချင်းကို သံပြိုင်သီဆို ကခုန်ပြီး ရေပိုက်များမှရေကို တစ်ပြိုင်နက်ဖွင့်လှစ်ကာ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမော်တော်ယာဉ်မောင်းသင်တန်းကွင်းတွင် ရိုးရာမပျက် ရခိုင်ရိုးရာသင်္ကြန်ကို ရေကစားမဏ္ဍပ်များတွင် ရခိုင်မောင်မယ်တို့ လောင်းလှေများဖြင့် ရေကစားကြပုံမှာ တစ်မူထူးခြားနေပေသည်။

ရခိုင်လုလင်နှင့်ရခိုင်လုပျိုဖြူလေးတို့ကလည်း ရခိုင်သီချင်း၊ ရခိုင်အကများဖြင့် ရိုးရာမပျက်တင်ဆက်နေသည်မှာ ကြည့်၍ကောင်းလှပေသည်။

ရခိုင်ရိုးရာဓလေ့တစ်ခုဖြစ်သော ရခိုင်နံ့သာသွေးပွဲမှာ မြတ်စွာဘုရား၏ ရုပ်ပွားတော်မြတ်အား နံ့သာရေများ ပက်ဖျန်း၍ ရေသပ္ပာယ်ပွဲ ပြုလုပ်ရန် ရခိုင်ပျိုဖြူကလေးများ ကျောက်ပျဉ်ကိုယ်စီ၊ အမွှေးနံ့သာတုံးကိုယ်စီဖြင့် ဝိုင်းဖွဲ့၍နံ့သာသွေးကာ စဉ့်အိုးကြီးများတွင်ထည့်ကာ လုပ်အားဖြင့် ကုသိုလ်ယူနေကြပေသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာတို့၏ အတာသင်္ကြန်ပွဲတော်သည် ပျော်ပွဲရွှင်ပွဲများသာမက တိုင်းရင်းသားတို့၏ရိုးရာ ကောင်းမြတ်သော ဓလေ့စရိုက်များဖော်ထုတ်နိုင်သော ဒါန၊ သီလ၊ ကုသိုလ်ပွားများနိုင်သော ရာသီပွဲတော်ကြီးဖြစ်သဖြင့် ရိုးရာယဉ်ကျေးမှုကို စဉ်လာမပျက် ထိန်းသိမ်း၍ ရေသဘင်ပွဲတော်ကြီးကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲကြရန် ဆန္ဒပြုလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်)၏ ကိုယ်ရေးအကျဉ်း

ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်)ကို အဖဦးဖိုးထွား(အငြိမ်းစားရဲမှူး–ကွယ်လွန်)နှင့် အမိဒေါ်ခင်ပု (ကွယ်လွန်)တို့မှ ၁၉၃၃ခုနှစ် ဇူလိုင် ၄ ရက်တွင် ယခုရန်ကုန်တိုင်း ဥက္ကံမြို့၌ မွေးဖွားခဲ့သည်။

ငယ်စဉ်တွင် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ အမျိုးသားအထက်တန်းကျောင်း၊ ဧရာဝတီတိုင်းဟင်္သာတမြို့ အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဟင်္သာတမြို့မှ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင် ပြောင်းရွှေ့နေထိုင်သည်။

၁၉၅၅ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ လခစားသတင်းထောက် (Staff Reporter)အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(စာပေဗိမာန်)နှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော သတင်းစာပညာအတတ်သင်ကျောင်းသို့ တက်ရောက်သင်ကြားခဲ့ရာ သတင်းစာပညာဒီပလိုမာကို ထူးချွန်အဆင့်ဖြင့် ရရှိအောင်မြင်ခဲ့သည်။

ဦးကြည်ညွန့်သည် အထွေထွေ သတင်းထောက်၊ အားကစားသတင်းထောက်၊ မှုခင်းသတင်းထောက်၊ တရားရုံးသတင်းထောက်၊ ရုပ်ရှင်သတင်းထောက်၊ စီးပွားရေးသတင်းထောက်နှင့် နိုင်ငံရေးသတင်းထောက်အဖြစ် တာဝန်အသီးသီး ထမ်းဆောင်ခဲ့ရသည်။

၁၉၆၂ခုနှစ်တွင် သတင်းအယ်ဒီတာတာဝန်နှင့် အယ်ဒီတာ့အာဘော်ခေါင်းကြီးပိုင်းရေး အယ်ဒီတာတာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့ရသည်။

၁၉၈၀ ပြည့်နှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ဒုတိယ အယ်ဒီတာချုပ် ရာထူးသို့ တိုးမြှင့်ခန့်အပ်ခံရသည်။ ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်၌ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (မြန်မာ)နှင့်လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (အင်္ဂလိပ်)တို့ကို ထုတ်ဝေရာ ဦးကြည်ညွန့်အား မြန်မာ့အလင်းသတင်းစာတိုက်မှ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ(မြန်မာ)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့သည်။

၁၉၉၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ(မြန်မာ)ကို မြန်မာ့အလင်းသတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေရာ ဦးကြည်ညွန့်အား အယ်ဒီတာချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်တာဝန်ပေးခဲ့သည်။

ဦးကြည်ညွန့်သည် ၂၀၀၀ပြည့် နှစ်ကုန်အထိ အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်၌ အယ်ဒီတာချုပ်တာဝန်မှ အနားယူခဲ့ပြီး အကြံပေးအရာရှိအဖြစ်နှင့် ရွှေမောင်းသံဂျာနယ် အယ်ဒီတာချုပ်တာဝန်ကို ၂၀၀၂ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။

ဦးကြည်ညွန့်သည် ၁၉၅၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး၊ ယဉ်ကျေးမှုရေးရာ ဆောင်းပါးများ၊ ခရီးသွားစာပေဆောင်းပါးများအပါအဝင် သုတ၊ ရသ ဆောင်းပါးပုဒ်ရေ တစ်ထောင်ကျော်ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၁၅အုပ် ရေးသားပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဦးကြည်ညွန့်သည် ၁၉၆၂ခုနှစ်မှ ၁၉၆၆ခုနှစ်အထိ မြန်မာပြည်သတင်းထောက်များအသင်းတွင် အတွင်းရေးမှူးတာဝန်နှင့် မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းတွင် အလုပ်အမှုဆောင်ကော်မတီဝင်တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

ယခုအချိန်ထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ချုပ်၌ ဗဟိုအမှုဆောင်ကော်မတီဝင်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်နု၊ သားသမီးသုံးယောက်နှင့် မြေးသုံးယောက်ကျန်ရစ်သည်။

(မြန်မာ့အလင်း)

စာမျက်နှာ ၁၃ မှ

အလားတူ ရန်ကုန်မြို့တော်အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်၊ လမ်းခွဲရုံများနှင့် တရားရိပ်သာများ၌ လည်း ဥပုသ်သီလဆောက်တည်ခြင်း၊မိုးကုတ်၊ မဟာစည်၊ စွန်းလွန်း၊ သဲအင်းဂူ၊ လယ်တီမှု၊ မိုးညှင်း၊ မင်းကွန်း အစရှိသော ဝိပဿနာ နည်းများဖြင့် တရားစခန်းဝင်ကာဝိပဿနာဘာဝနာပွားများ အားထုတ်ကြသူများဖြင့် စည်ကားနေသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကို မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုကို ဖော်ကျူး၍ စည်းကမ်းကျန အေးချမ်းပျော်ရွှင်စွာ ရေကစားကြရန် အဘက်ဘက်မှ စီစဉ်ဆောင်ရွက်ထားရှိသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

၁၃၆၅ ခုနှစ် မဟာသင်္ကြန် ဖွင့်ပွဲကို မဟာသင်္ကြန် အကြိုနေ့က ပြည်လမ်းနှင့် ကန်ရိပ်သာလမ်း ထောင့် ရှိ MK Trading Company ဆိုနီယာ ရှန်ပူ ရေကစားမဏ္ဍပ်၌ ပြုလုပ်ရာ အမှတ် (၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြန်မာ့အလင်း)

သင်္ကြန်အကြိုနေ့က အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည် ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာရေကစားနေကြစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး

(မြန်မာ့အလင်း)

၁၃၆၅ ခုနှစ် သင်္ကြန်အကြိုနေ့က ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတွင် ပျော်ပျော်ပါးပါး ရေပက်ကစားစဉ်။

ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)

မင်္ဂလာဆုတောင်း

ပါ့ပါနှင့် မို့မိုတို့၏ ၁၃–၄–၂၀၀၄ရက်တွင် ကျရောက်သော (၃၈)နှစ်မြောက် မင်္ဂလာမှသည် နှောင်နှစ်ပေါင်း ၁၀၀တိုင်အောင် ဘုရားရှင်ထံမှ ကောင်းချီးမင်္ဂလာဆက်လက်ခံစားနိုင်ပါစေ။

သားကြီး – Dr. အယ်မူး

သား – Dr. သူရ–Dr.အေးအေး

သမီး – ကညော

မြေးများ – Princess&Precious

သက်ဆိုင်သူများသိစေရန်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ် (၁၅)ဟုခေါ်တွင်သော အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရာမြေဖြစ်သော ကြည့်မြင်တိုင် အရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈ စီ ^၁)၊ မြေကွက်အမှတ်(၁၁၂၁)၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ မြေပိုင်မြေကွက်တို့အား အမည်ပေါက်ပိုင်ရှင် ဒေါ်ဖာတမာဘီဘီက ဝယ်သူများသို့ လက်ရောက်ပေးအပ်ရောင်းချခဲ့ရာ၌ လက်ရှိနေထိုင်ကြသူ ဝယ်သူများ တရားဝင်အမည်ပေါက်ပိုင်ဆိုင်နိုင်ရေးအတွက် မှတ်ပုံတင် အရောင်းစာချုပ် ချုပ်ဆိုပေးရန် လိုအပ်နေ၍ ဤကြော်ငြာပါရှိပြီး နောက်နှစ်ပတ်အတွင်း ဒေါ်ဖာတမာဘီဘီ အပါအဝင် ဆက်ခံခွင့်ရှိသူများအနေဖြင့် လက်ရှိဝယ်ယူခြင်းဖြင့် လက်ရှိပိုင်ဆိုင်နေထိုင်သူများနှင့် လာရောက်ဆက်သွယ်အရောင်းစာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးပါရန် အသိပေးကြေညာပါသည်။

ဝယ်ယူလက်ရှိနေသူများဖြစ်သော လင်(မ်)ပေါ(ခ)ဦးကြည်မင်း
ဒေါ်မြင့်မြင့်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးအေးနိုင်(တရားရုံးချုပ်ရှေ့နေ)
စဉ်/၄၀၆၅
အမှတ် ၆၈ (ဒုတိယထပ်)
အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတက်ရောက်ရန် မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်၊ UMFCCI အမှုဆောင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအေးလွင်တို့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပြုလုပ်မည့် First Meeting of East Asia Business Council (EABC) 2004 သို့ တက်ရောက်ရန်အတွက် ယနေ့နံနက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက် ကြသည်။

(က–ပ)

ဧပြီ ၁၂ ရက်က တာမွေမြို့နယ် ကျောက်မြောင်းကြီး(စံပြ)ရပ်ကွက် ပထမအကြိမ်မြောက် သီတာရေကစား မဏ္ဍပ်ဖွင့်ပွဲကို ဗညားဒလလမ်း–သီတာလမ်းထိပ်ရှိ ယင်းရေကစားမဏ္ဍပ်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်းညွန့်၊ မဏ္ဍပ်တာဝန်ခံဦးအောင်နိုင်မြင့်နှင့် ဦးသက်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က–ပ)

မြန်မာ–ဖိလစ်ပိုင် စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၂

မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးပြုံးမောင်မောင်နှင့် ဦးဇော်မင်းဝင်း၊ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး Ms. Phoebe A. Gomez၊ Philippines - Myanmar Business Councilဥက္ကဋ္ဌ Mr. Jose P. Leviste Jr ဦးဆောင်သော ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် Philippines Myanmar Business Council ဥက္ကဋ္ဌ Mr. Jose P. Leviste Jr က နှစ်နိုင်ငံပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများက သတ္တုတွင်း၊ စားသောက်ကုန်ထုတ်လုပ်ရေး၊ သတင်းနည်းပညာကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မထင်မှတ်သည့် ရလဒ်များကြားက ချန်ပီယံလိဂ် ဟိန်းသန့်

ရန်ကုန် ဧပြီ ၁၂

မည်သူမျှ ထင်မထားခဲ့ကြ။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲများ မကစားမီအချိန်က အာဆင်နယ်၊ ရီးရဲမက်ဒရစ်၊ အေစီမီလန်စသည့် အသင်းကြီး သုံးသင်းစလုံး အကြိုဗိုလ်လုပွဲသို့ ရောက်မည်မဟုတ်ဟု ဟောကိန်းထုတ်ခဲ့ပါက အဆိုပါ ဟောကိန်းထုတ်သူအား မယုံကြည်သောမျက်လုံးများဖြင့် ဝိုင်းကြည့်ခံရမည်မှာ သေချာသလောက်ပင်။

ယခုမူ ထိုမယုံကြည်စရာအဖြစ်များ တကယ်ဖြစ်လာခဲ့သည်။ သုံးသင်းစလုံး ပထမအကျော့၌ အခြေအနေကောင်းခဲ့ကြသော်လည်း ဒုတိယအကျော့၌မူ ထင်ထားသည်များ ပြောင်းပြန်ဖြစ်ကုန်ကြသည်။ ပထမအကျော့ ချယ်လ်ဆီးကွင်း၌ ၁-၁ သရေကစားထားသော အာဆင်နယ်၊ အိမ်ကွင်း၌ ၂-၁ဖြင့် ရှုံးသွားသည်။ နှစ်ပွဲပေါင်း ၃-၂ဖြင့် အရေးနိမ့်ပြီး အကြိုဗိုလ်လုပွဲကို မရောက်တော့။ ရီးရဲမက်ဒရစ်လည်း ထို့အတူပင်။ အိမ်ကွင်း၌ မိုနာကိုကို ၄-၂ ဖြင့် နိုင်ထားသည်။ အဝေးကွင်းရောက်သောအခါ ၃-၁ဖြင့် ပြန်ရှုံးသည်။ သွားပြီ၊ နှစ်ပွဲပေါင်း ၅-၅ သရေကျ နေသော်လည်း မိုနာကိုက ဘာနေဘူး၌ တစ်ဂိုးပိုသွင်းနိုင်ခဲ့သဖြင့် ရီးရဲကိုကွာတားမှာ ထားသွားခဲ့သည်။ အဆိုးဆုံးက အေစီမီလန်၊ အိမ်ကွင်း၌ ဒီပိုတီဗိုကို ခြေသာဂိုးပြတ်ဖြင့် အနိုင်ကစားလိုက်သည်။ ၄-၁။ ဒီပိုကွင်း၌ ပြန်ကစားသောအခါ၌ အခြေအနေက လုံးဝ ပြောင်းပြန်ဖြစ်သွားသည်။ ဒီပိုက ခြေစွမ်းတွေပြပြီး ၄-၀ ဖြင့် ချန်ပီယံလိဂ် လက်ရှိချန်ပီယံကြီးကို အနိုင်ပြန်ယူသွားသည်။ မီလန်လည်း ချန်ပီယံလိဂ်ကို လက်ပြနှုတ်ဆက်လိုက်ရသည်။ ချန်ပီယံလိဂ်သမိုင်း၌ ပထမအကျော့၌ သုံးဂိုးအကွာဖြင့် အရေးနိမ့်ပြီး ဒုတိယအကျော့၌ ပြန်အနိုင်ယူနိုင်ခြင်းမှာ ပထမဦးဆုံးဖြစ်ကြောင်းပါ သိလိုက်ရသည်။

အာဆင်နယ်၊ ရီးရဲမက်ဒရစ်၊ အေစီမီလမ် ရေပန်းအစားဆုံးအသင်းကြီး သုံးသင်းစလုံး တစ်ပွဲတည်းနှင့် ချန်ပီယံလိဂ်မျှော်လင့်ချက်များ ပြီးဆုံးသွားခဲ့သည်။ ထိုကဲ့သို့ အဖြစ်မျိုး ဖြစ်လာလိမ့်မည်ဟုလည်း မည်သူမျှထင်ထားကြမည်မဟုတ်။ ဤသည်မှာ ဘောလုံး၏ သဘာဝပင်ဖြစ်သည်။ ဘောလုံး၌ မဖြစ်နိုင်သည်မရှိ။ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းနှင့်ပင် အခြေအနေများ ပြောင်းလဲသွားတတ်သည်။ ပရိသတ်၏ စိတ်ခံစားမှုကိုလည်း စက္ကန့်၊ မိနစ်ပိုင်းအတွင်း အပြောင်းအလဲ ဖြစ်သွားစေတတ်သည်။ ထို့ကြောင့်လည်း ဘောလုံးမှာ အလုံးကြီးဖြစ်သည်ဟုဆိုကြခြင်း ဖြစ်သည်။ ထိုသို့စိတ်ခံစားမှုအမျိုးမျိုးကို စက္ကန့်၊ မိနစ်မလပ် ပေးစွမ်းနိုင်သဖြင့်လည်း ဘောလုံးလို လူအများစွဲမက်ကြခြင်း ဖြစ်ဟန်တူသည်။ ယခု ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲများက ဘောလုံး၏အစွမ်းကို ပြလိုက်သလိုရှိနေပြီ မဟုတ်ပါလား။

တကယ်တမ်း အနေအထားများအရ အကြိုဗိုလ်လုပွဲသို့ အာဆင်နယ်၊ ရီးရဲ၊ မီလန်သုံးသင်းအနက် အနည်းဆုံး နှစ်သင်းတော့ ရောက်သင့်သည်။ သို့သော် တစ်သင်းမျှ ရောက်မလာခဲ့ကြ။ ထိုအသင်းများ ဘာမှားသွားသလဲ၊ သို့တည်းမဟုတ် ပြိုင်ဘက်အသင်းများ၏ စွမ်းရည်များကပဲ မထင်မှတ်လောက်အောင် ပြောင်းလဲကုန်၍လားဆိုသည်မှာ စဉ်းစားစရာဖြစ်လာခဲ့သည်။ အာဆင်နယ်-ချယ်လ်ဆီး၊ ချယ်ဆီးကွင်း၌ ၁-၁ သရေကျထားသည်။ အိမ်ကွင်း ဟိုက်ဘူရီ၌ ၀-၀ သရေကျလျှင်ပင် အာဆင်နယ် အကြိုဗိုလ်လုပွဲတက်တော့မည်။ တကယ်ကစားရာတွင်လည်း ပထမပိုင်း၌ အာဆင်နယ်ခြေသာသည်။ တစ်ဂိုးပင် စသွင်းနိုင်သေးသည်။ သို့သော် ပွဲအပြီး၌ ၂-၁ ဖြင့် အရေးနိမ့်ခဲ့ရသည်။ ရီရဲမက်ဒရစ်မှာလည်း အိမ်ကွင်း၌ ၄-၂ ဖြင့် နိုင်ထားရာ အဝေးကွင်း၌ သရေကစားလျှင်ကစား၊ မဟုတ်လျှင် ၂-၁၊ ၁-၀၊ ၃-၂ စသည်ဖြင့် အရေးနိမ့်လျှင်တောင် အကြိုဗိုလ်လုပွဲတစ်နေရာ ရဦးမည်။ သို့သော် ထိုသို့မဟုတ်ဘဲ ၃-၁ဖြင့် အရေးနိမ့်သွားခဲ့ရသည်။ မီလန်ဆိုလျှင် အခွင့်အရေး ပို၍ကောင်းသေးသည်။ အိမ်ကွင်း၌ ၄-၁ ဖြင့် အနိုင်ရထားရာ အဝေးကွင်း၌ ၂-၀၊ ၃-၁အထိ ရှုံး၍ ရနေသည့်အပြင် ၄-၁၊ ၁-၂ဖြင့် ရှုံးလျှင်တောင် အကြို ဗိုလ်လုပွဲ တက်ခွင့်ရှိနေသေးသည်။ သို့သော် ယခု ၄-၀ ဟူသောရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရာ လုံးဝ မထင်မှတ်ထားခဲ့ကြရသည့် ရလဒ်မျိုးပင်ဖြစ်သည်။

မည်သည့်အတွက်ကြောင့် ထိုသို့ဖြစ်ခဲ့ကြသနည်း။ ယခုဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များက ဘောလုံးပွဲများ၌ ကြံ့ခိုင်မှု၊ နည်းဗျူဟာကျွမ်းကျင်မှုများ သာမက စိတ်ပိုင်းဆိုင်ရာ အရေးပါလာဖို့ကိုပါ တွေ့လိုက်ရသလိုရှိသည်။ စိတ်ဓာတ်ရေးရာမှာပင် ဖိအားအနည်းနှင့် အများကိုလိုက်ပြီး အပြောင်းအလဲ အများကြီးဖြစ်သွားနိုင်ကြောင်းကိုပါ ယခု ပွဲများက သက်သေပြလိုက်သလိုရှိနေသည်။ အာဆင်နယ်နှင့် ချယ်လ်ဆီးပွဲဆိုလျှင် ယခုပွဲမတိုင်မီ (၁၇)ကြိမ် ဆုံခဲ့ရာ၌ အာဆင်နယ် တစ်ပွဲမှမရှုံးခဲ့။ ထိုအချက်က အာဆင်နယ် အသင်းသားများ၏ စိတ်ကိုရှိသင့်သည့် ယုံကြည်မှုထက်ပို၍ ရှိသွားစေနိုင်သည်။ ရီးရဲမက်ဒရစ်မှာလည်း ထို့အတူပင်။ အခြေအနေခြင်း၊ အတွေ့အကြုံခြင်း ကွာခြားလွန်းရာ ရီးရဲတို့ အနေဖြင့် ပွဲမကစားမီအထိ စိတ်အေး လက်အေးဖြင့်ရှိနေနိုင်သည်။ အာဆင်နယ်၊ ရီးရဲတို့အတွက် ပိုဆိုးသွားသည်က ဦးဆောင်ဂိုးများ သွင်းခွင့်ရလိုက်ခြင်းဖြစ်သည်။ ရေးယက်စ်နှင့် ရာအူးလ်တို့၏ သွင်းဂိုးများက အာဆင်နယ်၊ ရီးရဲတို့ကို ပိုပြီး ယုံကြည်စိတ်များ သွတ်သွင်းပေးလိုက်သလို ဖြစ်သွားခဲ့သည်။ ထို့ကြောင့် ကစားရာတွင် ယုံကြည်စိတ် လွန်ကဲသွားပြီး ကစားပုံရှိသင့်သည်ထက် လျော့ကျကုန်တော့သည်။

ဧပြီ ၆ ရက်က ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ရီရဲမက်ဒရစ်မှ ရော်နယ်ဒို (လယ်)၊ အေအက်စ်မိုနာကိုမှ အက်ဒွပ်စစ်စီ(ဝဲ)နှင့် ဂေယယ်ဂျီဗက်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။ (ယင်းပွဲတွင် မိုနာကိုက ၃-၁ဖြင့် နိုင်သည်။)

ချယ်လ်ဆီး၊ မိုနာကိုတို့မှာမူကား ထိုသို့မဟုတ်။ အောက်မှ လိုက်ကစားရသောအသင်းများ ဖြစ်နေကြသည်။ အာဆင်နယ်၊ ရီးရဲတို့ကို ရှုံးခဲ့သော်မှ မည်သည့် ဝေဖန်မှုမျိုးမှ ပြင်းပြင်းထန်ထန် ခံရဖွယ်မရှိ။ ပွဲမကစားမီကတည်းက အရှုံးကိုတွက်ထားပြီးသား ဖြစ်နေသည့်အပြင် ပွဲကစားရာတွင်လည်း ဂိုးစပေးလိုက်ရပြန်ရာ အသင်းအနေဖြင့် ရှုံးမှာကြောက်သည့်စိုးရိမ်စိတ် တဖြည်းဖြည်း လျော့ကုန်တော့သည်။ ရှုံးလျှင်အရင်း နိုင်လျှင်အမြတ် ဟူသော စိတ်ဓာတ်မျိုးဖြင့် ရှိသမျှအင်အားကို အကုန်ထုတ်သုံးလာကြချိန်၌ အနိုင်ကိုမျှော်လင့်ထားနိုင်သဖြင့် ပွဲကိုထိန်းကစားရန် အာဆင်နယ်၊ ရီးရဲတို့ ကြိုးစားလာချိန်၌ တိုက်ဆိုင်သွားသည့်အခါ၌ ယခုလို မထင်မှတ်သည့် ရလဒ်များပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်ဟုထင်သည်။ ချယ်လ်ဆီး၊ မိုနာကိုတို့ ဂိုးတွေရလာလေ အာဆင်နယ်၊ ရီးရဲတို့မှာ စိုးရိမ်စိတ်ဝင်လာလေဖြစ်ကာ နောက်ဆုံး၌ ပွဲကို စိတ်အေးလက်အေးဖြင့် ထိန်းထားနိုင်စွမ်းမရှိတော့ဘဲ နောက်ဆုံး၌ အာဆင်နယ်၊ ရီးရဲတို့အနေဖြင့် အရှုံးကို ရင်ဆိုင်လိုက်ရခြင်းပင်ဖြစ်သည်။ အာဆင်နယ်နှင့် ရီးရဲတို့အတွက် အရှုံးကြုံစေရန် အဓိကျသွားစေသည့်ဂိုးများမှာ ဟိုက်ဘူရီ၌ အာဆင်နယ်ဘက် ချေပဂိုးရအောင် သွင်းယူပေးသွားခဲ့သည့် လမ်းပတ်၏သွင်းဂိုး၌ ရီးရဲဘက်သို့ ပထမအကျော့နှင့် ဒုတိယအကျော့ နှစ်ကျော့စလုံး၌ မိုနာကိုက မိုရီယန်တေးစ် သွင်းယူခဲ့သော ဒုတိယဂိုးများပင်ဖြစ်သည်။ ထိုဂိုးများက အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်တို့အား တုန်လှုပ်ချောက်ချားသွားစေခဲ့ပြီး အရှုံးကို ဖိတ်ခေါ်လိုက်သလို ဖြစ်သွားခဲ့ခြင်းဖြစ်သည်။

ဒီပိုနှင့်မီလန်ပွဲမှာလည်း ရှင်းသည်။ ဒီပိုအတွက် မျှော်လင့်ချက်မှာ မရှိသလောက်။ မီလန်လိုအသင်းကို သုံးဂိုးပြတ်အောင် မနည်းကစားရမည်ဖြစ်ရာ ဒီပိုအတွက် သေမထူးနေမထူး။ မီလန်ကလည်း သုံးဂိုးမပြတ်လျှင် ပြီးပြီ။ သည်တော့ ဒီပိုလိုအသင်းကို ထိန်းကစားရင်းဖြင့် အကြိုဗိုလ်လုပွဲကို မျှော်လင့်၍ ရနေပြီဖြစ်ရာ ကစားသမားများ၏ စိတ်ဓာတ်ပိုင်းမှာ သာမန်လောက်သာရှိနေချိန် ဖြစ်သည်။ ထိုအချိန်၌ အိမ်ရှင်ပရိသတ်အားဖြင့် သေမထူးနေမထူး ဖွင့်တိုက်လာသည့် ဒီပိုတိုက်စစ်ကို ကြုံရသောအခါ၌ မီလန်တို့စိုးရိမ်စိတ်များ ကစားရင်း ကစားရင်းများလာတော့သည်၊ ပွဲအစငါးမိနစ်မှာပင် ဒီပိုမှ ပန်ဒီယာနီတစ်ဂိုး စသွင်းလိုက်သည့်အခါ၌ ဒီပိုအားတက်၊ မီလန်က ပိုပြီး စိုးရိမ်မှုဖြစ်လာကာဒီပိုတို့တိုက်စစ်အောက်၌ မီလန်ကစားကွက်ပျက်သွားတော့သည်။ သည်ကြားထဲ ဒီပိုကတစ်ဂိုး ပြီးတစ်ဂိုးသွင်းကာ ပထမပိုင်းမှာပင် သုံးဂိုးပြတ်သွားသည့် အခါ၌ မီလန်တို့ ပိုဆိုးသွားတော့သည်။ ဒီပိုတို့က တစ်သင်းလုံး ယုံကြည်ချက်များ ပိုအားကောင်း လာချိန်၌ မီလန်တို့ ပျာပျာယာယာဖြင့် ဂိုးပေါက်ပြန်ရှာရတော့ရာ အရင်ခြေစွမ်းမျိုး ထွက်မလာတော့ဘဲ အမှားအယွင်းများ များသထက်များကာ နောက်ထပ် တစ်ဂိုးထပ်ပေးလိုက်ရပြီး အရေးနိမ့်သွားခဲ့ရခြင်း ဖြစ်ဟန်တူသည်။

နာမည်ကြီးအသင်းကြီးများ ယခုဆိုလျှင် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ ပါမလာတော့။ အကြိုဗိုလ်လုပွဲရောက် လေးသင်းအနက် ပေါ်တိုတစ်သင်းသာချန်ပီယံလိဂ် ချန်ပီယံ တစ်ကြိမ်ဖြစ်ဖူးပြီး ကျန်အသင်းများအနက် ဒီပိုနှင့် ချယ်လ်ဆီးဆိုလျှင် ယခုမှ အကြိုဗိုလ်လုပွဲ အဆင့်သို့ ပထမအကြိမ် ရောက်ဖူးကြခြင်းဖြစ်သည်။ လေးသင်းစလုံး၏ ခြေစွမ်းမှာလည်း မတိမ်းမယိမ်း၊ အသင်းကြီးများလည်း တစ်သင်းမှ မကျန်တော့ရာ လေးသင်းစလုံး ချန်ပီယံဘွဲ့ကို မျှော်မှန်း၍ ရနေကြသည်။ အကြိုဗိုလ်လုပွဲ၌ မိုနာကိုနှင့် ချယ်လ်ဆီး၊ ပေါ်တိုနှင့်ဒီပိုတို့ တွေ့ကြမည်ဖြစ်ရာ နှစ်ပွဲစလုံး အကြိတ်အနယ် ရှိမည်မှာသေချာနေပြီး မည်သည့်အသင်း ဗိုလ်လုပွဲတက်မည်ကို အလွယ်တကူ မှန်းဆ၍မရသော ပွဲမျိုးများ ဖြစ်နေသည်။ ယခု အကြိုဗိုလ်လုပွဲအဆင့်၌ Upset မရှိ။ လေးသင်းစလုံး ခြေညီကြရာ အသင်းကြီးများ မပါတော့သော်လည်း ချန်ပီယံလိဂ်ပွဲများမှာ အကြိတ်အနယ် ရှိနေဦးမည်မှာ သေချာနေသည်။ တစ်သင်းနှင့်တစ်သင်း ခြေမကွာကြ၍ ပရိသတ်အနေဖြင့်လည်း အကြိတ်အနယ် ပွဲကောင်းများကို ကြည့်ရမည်မှာလည်း သေချာနေသည်။ ထို့ကြောင့် အသင်းကြီးများ မပါသော်လည်း ချန်ပီယံလိဂ် ပြိုင်ပွဲများက ပရိသတ်ကို ဆွဲဆောင်ထားနိုင်ဦးမည်မှာ သေချာနေသည်ဟု ဆိုနိုင်ပေသည်။ ။

(မြန်မာ့အလင်း)

ဧပြီ ၇ ရက်က ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ဒီပိုတီဗိုအသင်းမှ ရိုမီယိုနှင့် အေစီမီလန်မှ ကာဖူးတို့ ဘောလုံးယှဉ်ပြိုင်ကစားစဉ်။ (ထိုပွဲတွင် ဒီပိုတီဗိုအသင်းက ၄-၀ဖြင့် နိုင်သည်။)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလောမြို့နယ် လက္ကျူး-မဒေါင်-တို ကျေးရွာ ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်လွင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(က-ပ)



နွေစပါးခံပြစိုက်ခင်းကြည့်ရှုစစ်ဆေး

စေတုတ္တရာ ဧပြီ ၆

စေတုတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူသည် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့်အတူ ဧပြီ ၂ရက်က စေတုတ္တရာမြို့ ကွင်းအမှတ်၉၃(က)ကွင်းရှိ မြို့အဝင် နွေစပါးခံပြစိုက်ခင်း စိုက်ပျိုးပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးကြသည်။

စိုက်ပျိုးပြီး

မြို့အဝင် နွေစပါးစိုက်ခင်းမှာ ဧက ၁၉၀ ရှိပြီးမနောသုခမျိုးကို စိုက်ပျိုးထားရှိကာ ပန်းတိုင်အထွက်နှုန်းရရှိရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်တွင် စေတုတ္တရာမြို့နယ် အနေဖြင့် နွေစပါးဧက ၂၁၀၄ စိုက်ပျိုးရန် လျာထားရာ ဧက ၂၀၁၁ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က-ပ)

ဆောင်းမြေပဲစမ်းသပ်စိုက်ကွက် သီးနှံအထွက်တိုး

ဆားလင်းကြီး မတ် ၁၄

၂၀၀၃-၂၀၀၄ ခုနှစ် စိုက်ပျိုးရေးရာသီတွင် ဒိုင်းမွန်းစတားကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင်များအဖွဲ့က ဦးဆောင်၍ ဆားလင်းကြီးမြို့နယ် ဒေသခံ အကျိုးဆောင်တောင်သူများ၏ ကိုင်းကျွန်းမြေ ဆောင်းသီးနှံ စိုက်ခင်းများတွင် မြေသြဇာများ စမ်းသပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

စိုက်ကွက်နုတ်သိမ်း

တုံကျေးရွာအုပ်စု တုံရွာမှ တောင်သူမကြီး ဒေါ်သန်းမြိုင်၏ ကိုင်းကျွန်းမြေတွင် ဆောင်းမြေပဲစမ်းသပ် စိုက်ကွက်အား ဖေဖော်ဝါရီ ၁၉ရက်က နုတ်သိမ်းရာ မြေသြဇာများ တွဲဖက် အသုံးပြုထားသော စိုက်ကွက်မှာ တစ်ဧကမြေပဲ အတောင့် ၁၆၃ ဒသမ ၃၀ တင်း ထွက်ရှိကြောင်း သိရသည်။

ယခင်နှစ်ဒေသအထွက်နှုန်းထက် နှစ်ဆနည်းပါး ပိုမိုထွက်လျက် ရှိကြောင်း သိရရှိကြသည်။

မတ် ၂၉ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ်နှင့်အဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးရန်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မြင့်တို့နှင့်အတူ မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မော်တော်ယာဉ်ဂိုဒေါင်သို့ သွားရောက်ကြည့်ရှုပြီး မော်တော်ယာဉ်များ၏ ကွဲ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မလှိုင်မြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၁၁ရက်က မြို့နယ်စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၇၁)၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်း လက်တွေ့ သရုပ်ပြကြစဉ်။ (၄၁၉)

စက်သုံးဆီဆိုင် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

မန္တလေး မတ် ၂

မန္တလေးခရိုင် မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၅ ရက်က မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၀၁)တွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးသည်။

လုံခြုံရေး

ဆိုင်မန်နေဂျာ ဦးအေးသန်းက မီးဘေးကြိုတင်ကာကွယ်ရေး ကိစ္စရပ်များ ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးအရာရှိက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆေးဘူးအသုံးပြုနည်း၊ အသုံးချနည်းကို ဝန်ထမ်းများအားလုံး လေ့ကျင့်ထားရန် မီးသတ်ဆေးဘူးများကို အာနိသင် အမြဲစစ်ဆေးသွားရန် မီးဘေးနှင့်လုံခြုံရေးအတွက် အလှည့်ကျစနစ်ဖြင့် တာဝန်ချထားရန် ဆိုင်ဝန်းကျင်နှင့် စက်သုံးဆီ အတင်အချအနီးတွင် လောင်စာအားပေးသည့် အမှိုက်သရိုက်များ အမြဲရှင်းလင်းပြီး လုံခြုံရေး ကြည့်ရှုစစ်ဆေးကြရန် ပြောကြားကြကြောင်း သိရသည်။

(၁၆၂)

ညောင်တုန်းမြို့နယ် သောင်စု အမကမူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ယင်းကျောင်းတွင် မတ် ၂၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇော်က ကျောင်းသားကျောင်းသူများအား မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်များ ပေးအပ်စဉ်။ (၀၉၈)

အမြို့မြို့ အနယ်နယ် သတင်းများ

ရေစကြိုမြို့မဈေး အုတ်ခုံပြုပြင်

ရေစကြို မတ် ၁၂

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၇ ရက်က ရေစကြို မြို့နယ်စည်ပင် သာယာရေးအမှုဆောင်အရာရှိ ဦးကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးရဲမင်းအောင်၊ ဈေးတာဝန်ခံ ဦးအောင်ကျော်စိုးတို့ ဦးဆောင်မှုဖြင့် ရေစကြိုမြို့ မြို့မဈေးကြီးအတွင်း ပေါက်ပြဲနေသော အုတ်ခုံပြုပြင်ခြင်း၊ ပင်လုံလမ်းမကြီး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတို့အား ကတ္တရာများဖြည့်စွက်ပြုပြင်ခြင်းနှင့် ကျောက်လမ်းမှကတ္တရာလမ်းများအဖြစ် ခင်းကျင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(၂၅၁)

ဂုဏ်ပြုဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပသည့် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် အမက(၁)ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ပြုံးကြည်က သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရ မသူဇာထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၄၁၆)

အင်းတော်မြို့နယ် တာဖလ တွဲဖက်မူလတန်းကျောင်း အခြေခံမူလတန်းအဆင့်တိုးမြှင့်ကျောင်းသစ်ဖွင့်

အင်းတော် မတ် ၃

အင်းတော်မြို့နယ်အလယ်ကျွန်းအုပ်စု တာဖလ တွဲဖက်မူလတန်းကျောင်း အခြေခံပညာ မူလတန်းကျောင်းအဆင့် တိုးမြှင့်ကျောင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၄ရက်က အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ပညာရေးမှူးဒေါ်တင်အေးနှင့် တာဖလ ကျေးရွာဥက္ကဋ္ဌ ဦးချစ်အောင်တို့က အခြေခံပညာမူလတန်းကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်တင်အေးက အမှာစကားပြောကြားပြီး ကျောင်းကော်မတီဥက္ကဋ္ဌ ဦးခင်ဌေးက ကျောင်းသမိုင်းကို ဖတ်ကြား၍ ကျောင်းကော်မတီအဖွဲ့ဝင် ဦးအောင်ကျန်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(၁၃၃)**

မော်လမြိုင်ကျွန်းမြို့အမှတ် ၁၆ဖွဲ့နှံဆီစက်နှင့် အမှတ် ၅၁၁ တန်တစ်ရာဆန်စက်တို့တွင် ဧပြီ ၄ရက်က စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်တို့ပူးပေါင်း၍ မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသမှုကို မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်၊ မြို့နယ်မီးသတ် ဦးစီးမှူးဦးသန်းစိုးနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးစဉ်။ (၀၉၇)

မြန်မာ့အသံ

၁၄-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)
(သင်္ကြန်အကြတ်နေ့)နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့်

ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၀၉း၃၅ ဟောပြောချက် (အလှထူးသည့် ရခိုင်ရိုးရာသင်္ကြန်)
၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (နိုင်ငံတော်အကြီးအကဲ၏ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ လမ်းညွှန်မှု)
၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂း၀၀ မြန်မာမှုအထွေထွေ (ကနီဦးလူညွှန့်) (သဒ္ဒါရှင်သည့် အတာသဘင်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (အမှန်တကယ်အောင်မြင်လိုပါသလား)(နိုင်လင်းထွန်း-ဆေး/မန်း)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့အစဉ်အလာနှင့်သင်္ကြန်) (ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၃၀ အစာနှင့် အာဟာရ (သင်္ကြန်ကာလနှင့် မြန်မာ့ရိုးရာစားစရာများ)
၁၇း၄၅ ဆို၊ က၊ ရေး၊ တီးဆုရအစီအစဉ် (မန္တလေးတိုင်းမှ မသဥ္ဇာမျိုး၏ ပတ္တလားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)သမုတ္တနိကာယ်ကဗျာကျမ်း (အရှင်နန္ဒဝံသ-ရေစကြို) (၂)ခေါင်းဆောင်သူ၏ လက္ခဏာများ (ချစ်နိုင်-စိတ်ပညာ)
၂၀း၃၀ ထွင့်ခေါင်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့်

မတ် ၁၇ရက်က အိမ်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်ဦးက မြို့နယ်ဦးစီးဌာနမှူးရုံးတွင် ရှမ်းစုကျေးရွာဥက္ကဋ္ဌ ဦးရွှေအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

13-4 (16).p65 1 3/24/05, 1:39 PM

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီး ဘဝ ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၉ x ၃)	–	၄ဝိ/–
ဘိလပ်မြေတစ်အိတ်	–	၄၀၀ဝိ/–
သဲတစ်ကျင်း	–	၆၀၀ဝိ/–
မြစ်ကျောက်(အသေး)တစ်ကျင်း	–	၂၀၀၀ဝိ/–
ထုံး (တစ်အိတ်)	–	၁၀၀ဝိ/–
သဲကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	–	၅၀ဝိ/–

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း – ၅၄၃၂၃၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း – ၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂–၃၆၃၆၅၊ ၀၂–၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ရုံး။

မှော်ဘီမြို့နယ်၊ အင်းလျက်ကျေးရွာ၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက် (ရွှေကျင်)ရှိ ရဟန်း၊ သာမဏေများအား သာသနာဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်ခြင်း အခမ်းအနားကို ဧပြီ ၁ ရက်က ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနတိုင်းဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးတင်အောင်က သာသနာဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်စဉ်။ (က–ပ)

ရန်ကုန်တပ်နယ်သစ်ပင်ပျိုးပွဲတော်ကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၄ခုနှစ် ရန်ကုန်တပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်း၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒေသစိမ်းလန်းစိုပြည် ရေးအတွက် စိုက်ပျိုးထားသည့် သစ်ပင်များရှင်သန်အောင်အလေးထားဆောင်ရွက်ရမည့် သစ်ပင်စိုက်ပျိုးသည့်ကာလများ၌ ဒေသစိမ်းလန်းရေးကို အထောက်အကူပြုသည့် သစ်ပင်များသာမက စီးပွားရေးကို အထောက်အကူပြုသည့် အပင်များကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၄)စစ်ဒေသမှူးနှင့် ရန်ကုန် တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က ရန်ကုန်တပ်နယ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များတွင် ယခုနှစ် သစ်ပင်ပျိုးပွဲတော်ကာလ၌ သစ်ပင်များပျိုးထောင်မည့် အခြေအနေများနှင့် သစ်ပင်စိုက်ပျိုးရာသီတွင် စိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးပေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ရန်ကုန်တပ်နယ် ပျိုးဥယျာဉ်အတွင်း သစ်ဆိမ့်၊ ကျွန်း၊ ပျဉ်းကတိုးနှင့် ခရေ၊ သစ်စေ့များနှင့် ကျွန်း၊ ပျဉ်းကတိုး၊ မအူ၊ ခရေနှင့်ပျဉ်းမ ပျိုးပင်ပေါက် များကို ပျိုးအိတ်များအတွင်း စိုက်ပျိုးပေးသည်။ **(ဝဲပုံ)**

အမှတ်တရ

ယင်းနောက် ရန်ကုန်တပ်နယ် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကျွန်းပင်ကိုစိုက်ပျိုးပေးပြီး တာဝန်ရှိသူများက မဟော်ဂနီ၊ ခရေ၊ ငါးဆူနှင့် ဆီသပြေပင်များကို အမှတ်တရ စိုက်ပျိုးပေးသည်။

ပျိုးထောင်

ရန်ကုန်တပ်နယ်အနေဖြင့်ယခုနှစ် သစ်ပင်ပျိုးပွဲတော်တွင်အပင်များ စုစုပေါင်း ၆၄၇၂၄ ပင် ပျိုးထောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာကေတမြို့နယ် နတ်မောက်ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်းအမှတ်(၁) ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရှခင်းသာလမ်းမကြီးဘေးရှိ နတ်မောက် ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း အမှတ်(၁)၏ (၁၁)ကြိမ်မြောက် ရှင် ၁၀၈ ပါးနှင့် ရဟန်းလောင်းများအား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲ အခမ်းအနားကို ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ ဆရာတော်က ဦးဆောင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ယမန်နေ့နံနက်ပိုင်းတွင် ရဟန်းလောင်းများအား ရဟန်းဘောင်သို့ ချီးမြှင့်ပြီး ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တကုသလအား ဒေါ်ကျင်အိန်မိသားစုက သိက္ခာထပ် မင်္ဂလာကျင်းပသည်။ ဆက်လက်၍ အလှူငွေပေးအပ်ပွဲ ကျင်းပရာ ဦးမောင်အေး–ဒေါ်တင်တင်ဝင်းမိသားစုက ရှင်၁၀၈ပါး အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

အလှူတော်မင်္ဂလာကျင်းပ

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်စကြာမိုးကုတ်ကျောင်း ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိမလဗုဒ္ဓိက သာဓုအနုမောဒနာတရား ဟောကြားတော်မူပြီး တိုင်းရင်းသား ကျောင်းသားငယ်လေးများအား ဆရာတော် ဦးဆောင်သည့် အလှူရှင်များက နှစ်စဉ် ရှင် ၁၀၈ ပါး ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဧပြီ ၁၁

နယ်မြေခံထောက်လှမ်းရေးတပ်၊ တောင်ကြီးမူးယစ်အထူးအဖွဲ့နှင့် တောင်ကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၂ ခုနှစ် ဩဂုတ်၃၀ရက်တွင် သတင်းအရ တောင်ကြီးမြို့ ရေအေးကွင်းရပ် မြရတနာလမ်း အမှတ်၅၈/၁၆နေ မလှနှင်း၏နေအိမ်ကိုစစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၄၆၀နှင့်ဘိန်းဖြူ၂၁၉ ဒသမ၈ ၄ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တောင်ကြီးမြို့ ရေအေးကွင်းရပ် မြရတနာလမ်း အမှတ်၅၈/၁၆နေ ဦးမိုးခေါင်၏သမီး မလှနှင်းအား တောင်ကြီး အမှတ်(၂)ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ်၈/၂၀၀၂၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို တောင်ကြီးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ၁၃ရက်တွင် တရားခံ မလှနှင်းအား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ၁၉(က)အရ ထောင်ဒဏ်နှစ် အကန့်အသတ်မရှိကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အလားတူ နယ်မြေခံ ထောက်လှမ်းရေးတပ်နှင့် ရန်ကုန် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇူလိုင်၂၁ရက် တွင် သတင်းအရ မြောက်ဥက္ကလာပ မြို့နယ် (၁)ရပ်ကွက် သုမိတ္တာ၁၀လမ်းနေဝင်းအေး၏နေအိမ်ကိုစစ်ဆေးရှာဖွေရာ ဆေးခြောက် ၂၀၃ ဒသမ၉၂၅ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် သုမိတ္တာ၁၀လမ်းနေ ဦးကျော်သောင်း၏သား ဝင်းအေးအား မြောက်ဥက္ကလာပရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၆/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရအမှုဖွင့် အရေးယူခဲ့သည်။

အမှုကို ဒုတိယခရိုင်တရားရုံး(၁)သို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ၂၆ရက်တွင် တရားရုံးက တရားခံဝင်းအေးအား မူးယစ်ဆေးဝါး သုံးစွဲမှုပုဒ်မ ၁၅အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လယ်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ်၂၀ ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ – ထောင်(၁)နှစ်
၂။ ကစားသူ – ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ – ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သုဝဏ္ဏအထက(၃)တွင် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အခြေခံပညာ အထက်တန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၃၁ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းက တက္ကသိုလ်ဝင်တန်းမှ မစောလှနွယ်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ကြော်ငြာစာအမှတ် ၁၅/၂၀၀၄ (၂၀၀၄ ခုနှစ်၊ ဧပြီလ ၆ ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်–

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ	သိပ္ပံဘွဲ့(ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊ ဘူမိဗေဒ၊(သို့မဟုတ်)စီးပွားရေးပညာဘွဲ့၊ စာရင်းအင်း (သို့မဟုတ်) စိုက်ပျိုးရေးပညာဘွဲ့၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့(သို့မဟုတ်)ကွန်ပျူတာ သိပ္ပံဘွဲ့(သို့မဟုတ်)ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနတွင်လက်ရှိတာဝန်ထမ်းဆောင် နေသူများဖြစ်ပါက တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် အခြေခံမြေစာရင်းသင်တန်းတက်ရောက် အောင်မြင်ပြီးသူဖြစ်ရမည်။	၂၇နေရာ

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၅–၅–၂၀၀၄ နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူ အမျိုးသားဖြစ်ရမည်။

(ဂ) ကျန်းမာသန်စွမ်း၍ ကန်တော်ကြီးသုံးပတ်ခြေကျင်လျှောက်နိုင်ပြီး မျက်စိအမြင်ကောင်းသူဖြစ်ရမည်။ (ရွေးချယ်ခြင်းမခံရမီ ခြေကျင် လျှောက်နိုင်ခြင်း ရှိ–မရှိနှင့် မျက်စိအမြင်ကောင်းခြင်း ရှိ–မရှိ စစ်ဆေးမည်ဖြစ်သည်။)

(ဃ) လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် အခြေခံမြေစာရင်း သင်တန်း တက်ရောက် အောင်မြင်ပြီးကြောင်း လိုအပ်သော လျှောက်ထား သူများသည် သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ထောက်ခံချက်ကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၅–၅–၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်း များ၊ ဝင်ကြေးငွေ ၅ဝိ/– ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှု အတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ်၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့** များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများ ထားရှိမည်။ မိမိ ဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင် သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၅–၅–၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၂၉–၅–၂၀၀၄နေ့နှင့် ၃၀–၅–၂၀၀၄ နေ့များတွင် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကျင်းပမည်။ ၂၇–၅–၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေး မည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနရုံးများတွင် ဖြစ်စေ၊ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ်(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

အမည်ပြောင်း

ဦးလှမောင်၏သမီး မသန်းသန်းဦး ၁၂/ကမတ(နိုင်)ဝ၆ဝ၃၂၈ အား မသီရိငယ်ငယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မသီရိငယ်ငယ်။**

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဘားအံမြို့တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်

လေလံတင်ရောင်းချရန် ကြော်ငြာ

ကရင်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော နိုင်ငံတော်ပိုင် တံတားသုံးစင်း၏ ၂၀၀၄–၂၀၀၅ခုနှစ်မှ ၂၀၀၆–၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းသုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါ အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတားများ

(၁) သံလွင်တံတား (ဘားအံ)

(၂) ဂျိုင်း (ကော့ကရိတ်တံတား)

(၃) ဒုံသမိတံတား (ဘားအံ)

(ခ) လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း–၂၁၁၈၂/ ၂၁၀၈၃

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ဃ) လေလံလျှောက်လွှာစတင်ရောင်းချမည့်နေ့၊ အချိန်

၁၉–၄–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀ နာရီ

(င) လေလံလျှောက်လွှာပိတ်မည့်နေ့၊ အချိန်

၂၆–၄–၂၀၀၄ (တနင်္လာနေ့) ညနေ ၄ နာရီ

(စ) လေလံတင်ရောင်းချမည့် ရက်၊ အချိန်

၂၇–၄–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀ နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဘားအံမြို့

မှတ်ချက်။ ။လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ

ကရင်ပြည်နယ် တံတားများအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့၊ ဘားအံမြို့။

တံတားဖြတ်သန်းခ လေလံကြော်ငြာ

၁။ ပဲခူးတိုင်းအတွင်းရှိ အောက်ဖော်ပြပါ တံတားများအား ၂၀၀၄ခုနှစ် ဧပြီလ ၂၂ရက် (ဝ၉းဝဝ)နာရီအချိန် ပဲခူးမြို့ ဥဿာမြို့သစ် သီရိဥဿာခန်းမတွင် ဈေးပြိုင်စံနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

(က) နဝဒေးတံတား　(စ) ကျွန်းကလေးတံတား

(ခ) ခပေါင်းတံတား　(ဆ) ရဲနွယ်တံတား

(ဂ) ကောလိယတံတား　(ဇ) သူရဲတန်းတံတား

(ဃ) ကွင်းချောင်းတံတား　(ဈ) စစ်တောင်းတံတား (ရွှေကျင်)

(င) ဖြူးချောင်းတံတား

၂။ စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းချက် အသေးစိတ်အား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး တောင်ငူမြို့နှင့် ပဲခူးမြို့တို့တွင် ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

တံတားဖြတ်သန်းခ လေလံရောင်းချရေးကော်မတီ။

[illegible]

တရုတ်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ (HSK)

တရုတ်ပြည် နိုင်ငံတော် တရုတ်ဘာသာစကားအရည်အချင်းစစ်ကော်မတီ (The State Commission of Chinese Proficiency Test)မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက်	–	၂၀၀၄ ခုနှစ် မေလ ၁၅ ရက် (စနေနေ့)
ကျင်းပမည့်နေရာ	–	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက်	–	၂၀၀၄ ခုနှစ် ဧပြီလ ၆ ရက်မှ ၂၀၀၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ
လျှောက်လွှာရရှိနိုင်သည့်နေရာ	–	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ်	–	အဆင့် သုံးဆင့်အနက် မိမိဖြေဆိုလိုရာ အဆင့်ကို ဖြေနိုင်ပါသည်။

အသေးစိတ်ကို အမှတ် ၁၁၉၊ ၁၃၁ တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် တယ်လီဖုန်း– ဝ၁–၅၁၃၁၉၈ နှင့် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း–ဝ၂–၃၂၃၃ဝ တွင် စုံစမ်းနိုင်ပါသည်။

စာမေးပွဲဖြေဆိုကြမည့်သူများအတွက် HSK Guide Books နှင့် Tape များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုသံမှူးရုံး အမှတ်၉၄၊ ခရေပင်လမ်း ဒဂုံမြို့နယ် ရန်ကုန်နှင့် မန္တလေးမြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ရတနာလမ်းသွယ် ရန်ကြီးအောင် လမ်း၊ ၃၅ လမ်း (၆၅ လမ်းနှင့် ၆၆ လမ်းကြား) မန္တလေးမြို့တွင် ဝယ်ယူရရှိ နိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

မြင်းခြံမြို့နယ် ကွမ်းစိုက်ရွာနေ အဖ ဦးတင်ထွန်း၏သား ဦးမျိုးချစ် မှတ်ပုံတင်အမှတ် ၉/မခန(နိုင်) ဝ၃၂၆၃၉ ၏ နိုင်ငံကူးလက်မှတ် ၄၁၁၁၉၁ မှာ ခရီးသွားရင်း ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဦးမျိုးချစ် (ဖုန်း–၅၄၃၂၇၉)

[illegible]

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနား များတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါ သည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင် ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

မြေးအဖြစ်မှ အမွေပြတ်ကြော်ငြာခြင်း

ကျွန်မ၏ မြေးဖြစ်သူ မောင်ရန်နိုင်ဝင်း အမျိုးသား မှတ်ပုံတင် အမှတ်၁၂/ဒဂရ (နိုင်) ဝဝ၆၇၃၅ သည် အဘွားစိတ်ဆင်းရဲ အောင် ပြုလုပ်သွားပါ၍ မြေးအဖြစ်မှ အမွေ ပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက် သောကိစ္စများ လုံးဝတာဝန်မယူပါ။

ဒေါ်ကျင်သန်း မှတ်ပုံတင်အမှတ် ၁၂/ မရက(နိုင်)ဝ၉၅၈၅၇

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ချစ်သမီးလေး မစုစုစံ ၁၂/လသန(နိုင်)ဝ၂ဝ၃၅၂ [ဒုတိယနှစ် ကွန်ပျူတာတက္ကသိုလ်]ကို ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ် လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မိဘများ – ဒေါက်တာ–ခင်မောင်သိန်း ဒေါက်တာ–အေးအေးညွှန့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရန်ကုန်မြို့ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော အောက်ပါ တံတား(၃)စင်း၏ ၂၀၀၄–၂၀၀၅ မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတားများ

(၁) အောင်ဇေယျတံတား (လှိုင်သာယာမြို့နယ်)

(၂) ရွှေပြည်သာတံတား (လှိုင်သာယာမြို့နယ်)

(၃) ဘုရင့်နောင်တံတား (လှိုင်သာယာမြို့နယ်)

(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူရရှိနိုင်သောနေရာ

– အတွင်းရေးမှူးရုံး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရန်ကုန်မြို့)

(ဂ) ချိပ်ပိတ်တင်ဒါ လေလံတင်သွင်းရမည့် ရက်စွဲနှင့်အချိန်

– ၂၈–၄–၂၀၀၄ နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီအတွင်း

(ဃ) ချိပ်ပိတ်တင်ဒါ ပေးသွင်းရမည့်နေရာ

– အစည်းအဝေးခန်းမ (၂)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(င) ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့် ရက်စွဲနှင့် အချိန်

– ၂၈–၄–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ၁၂း၀၀ နာရီ

(စ) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်နေရာ

– အစည်းအဝေးခန်းမ (၂)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မှတ်ချက်။ ချိပ်ပိတ်တင်ဒါဝယ်ယူခွင့် တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ရုံးချိန်အတွင်း အတွင်းရေးမှူးရုံး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ

တံတားများအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့ ရန်ကုန်တိုင်း။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ မော်လမြိုင်မြို့ တံတားအသုံးပြုခကောက်ခံခြင်း လုပ်ငန်းသုံးနှစ် လုပ်ပိုင်ခွင့်လိုင်စင်

လေလံတင်ရောင်းချရန် ကြော်ငြာ

မွန်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင် တံတားလေးစင်း၏ ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသည်။

(က)လေလံတင်ရောင်းချမည့်တံတားများ

၁။ ဂျိုင်း(ဇာသပြင်တံတား(မော်လမြိုင်မြို့)

၂။ အတ္တရံတံတား (မော်လမြိုင်မြို့)

၃။ ဘီးလင်းတံတား (ဘီးလင်းမြို့)

၄။ ရေးချောင်းတံတား (ရေးမြို့)

(ခ) လေလံလျှောက်လွှာ ဝယ်ယူရရှိနိုင်သည့်နေရာ

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး မော်လမြိုင်မြို့ ဖုန်း–ဝ၅၇–၂၄၂၄၆၊ ဝ၅၇–၂၄၉၄၂၊ ဝ၅၇–၂၁၁၄၄

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး မော်လမြိုင်မြို့။

(ဃ) လေလံဆွဲဝယ်ခွင့်လျှောက်လွှာ စတင်လက်ခံမည့်ရက်၊ အချိန်

၁၉–၄–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ

(င) လေလံတင်သွင်းရန် နောက်ဆုံးအချိန်

၂၆–၄–၂၀၀၄ (တနင်္လာနေ့) ညနေ ၁၆း၀၀ နာရီ

(စ) လေလံတင်ရောင်းချမည့်နေ့ရက်

၂၉–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ မော်လမြိုင်မြို့။

မှတ်ချက်။ ။လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ

မွန်ပြည်နယ် တံတားများအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့၊ မော်လမြိုင်မြို့။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင် သိန်းတန် ၁၂/စခန (နိုင်) ဝဝ၁၄ဝ၂ သည် မိဘ၏ ဆုံးမ သွန်သင်မှုကို မနာခံဘဲ မိမိဆန္ဒ အရ နေအိမ်မှဆင်းသွားပါသဖြင့် အမွေစားအမွေခံ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သည့် ကိစ္စများ ကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။ **ဦးကျော်စိန်–ဒေါ်နုနုရီ**

[illegible]

ဘုရား၊ရဟန်း၊ကျောင်း၊တံတိုင်းဒါယကာကြီး
သတင်းစာဆရာကြီး၊ စာရေးဆရာကြီး
ဦးကြည်ညွှန့် (ချစ်ကြည်ရေး-ကြည်ညွှန့်)
စာတည်းမှူးချုပ်(ငြိမ်း)၊ အကြံပေးအရာရှိ(ငြိမ်း)
မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဥက္ကံမြို့
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၁၁၈၊ အခန်းအမှတ် ၅ နေ ဒေါ်ခင်ခင်နု(ချစ်ကြည်ရေးစာပေတိုက်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီတာဦး (အထက-၂၊ရန်ကင်း)၊ ဦးဝဏ္ဏ-ဒေါ်ချိုချိုအုန်း၊ ဦးကျော်စော-ဒေါ်ကေသီတို့၏ ချစ်လှစွာသောဖခင်၊ မောင်ကျော်သူ(ဒုတိယနှစ်၊စီးပွားရေး)၊ မောင်စည်သူအောင် (VII-C အထက-၂၊ကမာရွတ်)၊ မောင်စည်သူစော(သူငယ်တန်း C, ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၁-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁း၁၀ နာရီတွင် Yangon Medical Centre၌ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊တံတိုင်းဒါယကာကြီး
သတင်းစာဆရာကြီး၊ စာရေးဆရာကြီး
ဦးကြည်ညွှန့် (ချစ်ကြည်ရေး-ကြည်ညွှန့်)
စာတည်းမှူးချုပ်(ငြိမ်း)၊ အကြံပေးအရာရှိ(ငြိမ်း)
မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဥက္ကံမြို့
အသက်(၇၂)နှစ်

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ် အငြိမ်းစားရဲတိုက်ပိုင်မှူး(ဦးဘိုးထွား-ဒေါ်ခင်ပု)တို့၏သားငယ်၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၁၁၈၊ အခန်းအမှတ် ၅နေ ဒေါ်ခင်ခင်နု(ချစ်ကြည်ရေးစာပေတိုက်)၏ ချစ်လှစွာသောခင်ပွန်း၊ ဟသ်ာတမြို့ ဆည်မြောင်းဦးစီးဌာန၊ ရုံးအုပ်ကြီး(ငြိမ်း)(ဦးအောင်တင်)-ဒေါ်သန်းနွဲ့၊ ပဲခူးမြို့၊ မီးသတ်ဦးစီးဌာန အငြိမ်းစားတိုင်းဦးစီးမှူး(ဦးထွန်းအောင်ကျော်)-ဒေါ်စိန်ရင်၊ ဦးအုန်းကျော်[ညွှန်ကြားရေးမှူး(ငြိမ်း)စစစ]-ဒေါ်တင်တင်တို့၏ ညီ/မောင်၊ ဦးဘစိန်(မန်နေဂျာ၊ငြိမ်း၊ ကုန်သွယ်/လယ်ယာ)-ဒေါ်ရင်ရင်မေတို့၏အစ်ကို၊ တူ တူမ ၁၆ယောက်တို့၏ဦးလေး/ဘကြီးသည် ၁၁-၄-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁း၁၀နာရီတွင် Yangon Medical Centre ၌ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဝမ်းနည်းကြေကွဲခြင်း
သတင်းစာဆရာကြီး၊ စာရေးဆရာကြီး
ဦးကြည်ညွှန့် (ချစ်ကြည်ရေး-ကြည်ညွှန့်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကြည်ညွှန့်(ချစ်ကြည်ရေး-ကြည်ညွှန့်)သည် ၁၁-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအမှုဆောင်ကော်မတီ
မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့။

ကဗျာဆရာ၊ စာရေးဆရာ မောင်မောက်(ဥက္ကလာ)
ဦးကျော်ဇော
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရန်ကုန်တိုင်းရုံး(ငြိမ်း)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၂/မြောက်)ရပ်ကွက်၊ ထူပါရုံ ၂၂ လမ်း (အရှေ့)၊ အမှတ် ၃၆၅ နေ (ဦးစံရင်-ဒေါ်သိန်းတင်)တို့၏သားလတ်၊ ဦးတင်ဝင်း-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဒေါ်သန်းတင်၏မောင်၊ ဒေါ်ပြုံး၏အစ်ကို၊ ဒေါ်ခင်မမ (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာကေတမြို့နယ်)၏ခင်ပွန်း၊ မခင်စကားဝါဝင်း၊ မသရဖီကြည်သာ(အမက-၁၉၊ သာကေတ)တို့၏ဖခင်သည် Green Cross ဆေးတင်အထူးကုဆေးခန်း၌ ၁၂-၄-၂၀၀၄ရက်နံနက် ၁၀း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်နှင့်လေထန်ကုန်းလက်ဖက်ရည်ဆိုင်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ကိုလှစိန် (လားရှိုးမြို့)
B.C.Sc. (ကွန်ပျူတာတက္ကသိုလ်)
အသက်(၃၅)နှစ်

သူငယ်ချင်း ကိုလှစိန်သည် ၁၀-၄-၂၀၀၄ရက်(စနေနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (3rd Batch)မှ သူငယ်ချင်းများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်သောင်း (နတ်မောက်မြို့)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် ၃၇၀၊ အခန်း ၉ နေ (ဦးကျော်ဆွေ)၏ဇနီး၊ ဦးလှငွေ(Sky Line)၊ ဦးတင်ထွဋ်-ဒေါ်ညွှန့်ညွှန့်ငွေ(ပို့ဆောင်ရေးစီမံဦးစီးဌာန၊ ရထားဝန်ကြီးရုံး)၊ ဦးဝင်းတင့်-ဒေါ်ဝင်းဝင်းငွေ၊ မညွှန့်ညွှန့်အေး၊ ရဲအုပ် ကျော်ကျော်ဆွေ-မခင်လေးဆွေ၊ မထူးထူးဆွေ၊ကိုအောင်နိုင်(စက်မှု- ၁)-မခင်မျိုးဆွေ၊ မခင်ထွေးဆွေ(ပို့ဆောင်ရေးဦးစီးဌာန)၊မခင်မာလာဆွေ(Europ Continents Co., Ltd.)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၂-၄-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၈း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မခင်စန်းဝင်း(ခ)မဘိဘိ
(အာရှစနေဘဏ်၊
ပုဇွန်တောင်ဘဏ်ခွဲ)
အသက်(၃၁)နှစ်

ဒေါပုံမြို့နယ်၊ စံပြလမ်း၊ အမှတ် ၂၈၃ နေ ဦးအောင်ဝင်း-ဒေါ်စန်းစန်းမြင့်တို့၏သမီး၊ (ဦးခင်မောင်)-ဒေါ်အေးကြွယ်၊ (ဦးဝင်းကြူ)-ဒေါ်ကြင်ရွှေတို့၏မြေး၊ မပို့ပို့၏တူမ၊ မောင်တင်အောင်ဝင်း(ညောင်ပင်လေး ပလာဇာ)၊ မညွှန့်ညွှန့်ငွေ(ဒုမန်နေဂျာ၊ အာရှစနေဘဏ်၊ လမ်းမတော်ဘဏ်ခွဲ)တို့၏ညီမ၊ မရွှန်းလဲ့လဲ့အောင်၏အဒေါ်သည် ၁၁-၄-၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပါမောက္ခ ဒေါက်တာဒေါ်လှကြည်
M.B.,B.S, MRCOG, MMSA, FRCOG
ပါမောက္ခ(ငြိမ်း)သားဖွားနှင့်မီးယပ်ပညာဌာန
ဆေးတက္ကသိုလ်၊ရန်ကုန်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း(ဗဟိုလမ်း)၊ အမှတ် ၃၉ နေ (ဦးသာဒွန်း-ဒေါ်စိန်ညွှန့်)တို့၏သမီး၊(ဦးထွန်းတင်)၏ဇနီးသည် ၁၁-၄-၂၀၀၄ရက် (တနင်္လာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဒေါ်လှကြည် အသက်(၈၁)နှစ် သားဖွားနှင့်မီးယပ် ပါမောက္ခ(ငြိမ်း) အမေကြီး ကွယ်လွန်သွားပါကြောင်း ကြားသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီးမိသားစု၊ရန်ကုန်မြို့။

ဒေါ်ရှုတင် (မြိတ်မြို့)
အသက်(၇၇)နှစ်

အမှတ် ၂၄၄၊ကန်ဖျားရပ်၊ မြေနီလမ်းနေ (ဦးအင်းခင်)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်သန်းကြည်၊ ဦးတင်ရှိန်-ဒေါ်နုနုငွေ၊ ဒေါ်သိန်းရီ၊ ဦးထွန်းနီ-ဒေါ်ပိုကြည်၊ ဦးအကျင်-ဒေါ်စိန်သန်း၊ ဒေါ်မွေအင်၊ ဒေါ်ကြွေးအင်၊ ဦးစိန်လွင်- ဒေါ်စီစီဝင်း (လမင်းစန္ဒာ တီဗွီ/ဗီဒီယို ရောင်းဝယ်ရေး၊ ရန်ကုန်)တို့၏မိခင်၊ မြေး ၁၄ ယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၁၁-၄-၂၀၀၄ရက် နံနက် ၆း၃၇ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဂီဟင်သုသာန်(ကလွင်)သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရှုတင် (မြိတ်မြို့)
အသက်(၇၇)နှစ်

ဦးစိန်လွင်-ဒေါ်စီစီဝင်း[လမင်းစန္ဒာ တီဗွီ၊ဗီဒီယိုရောင်းဝယ်ရေး၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)]တို့၏ချစ်လှစွာသောမိခင် ဒေါ်ရှုတင်သည် ၁၁-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လမင်းစန္ဒာတီဗွီ၊ဗီဒီယိုရောင်းဝယ်ရေးဝန်ထမ်းများ၊
မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)။

ဦးဝင်းကြည် (တောင်ကြီးမြို့)
အသက်(၅၅)နှစ်

မန္တလေးမြို့၊စကြာနွယ်စဉ်ရပ်နေ (ဦးထွန်းရှ)-ဒေါ်ငွေတင်တို့၏သား၊ မနွဲ့ရီ၏မောင်၊ ဘိုထွန်းအောင်၏အစ်ကို၊ ရန်ကုန်မြို့၊ အေးရိပ်မွန်အိမ်ရာနှင့် တောင်ကြီးမြို့၊ အမှတ် ၁၄၇၊ အင်းဝလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ မောင်ဇော်မိုးဝင်း၊ ဒေါက်တာစိုင်းဝင်းဇော်လှိုင်-ဒေါက်တာမမင်းသိမ့်တို့၏ဖခင်သည် ၁၂-၄-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၄း၂၀နာရီတွင် ကွယ်ကဘောဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အမှတ် ၃၀/၁၀၁၊ ရတနာမွန် ၃ လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာ
ဦးကျင်ဟုတ်(ခ)ဦးညြရီ
(အုန်းသီးတံဆိပ်အုန်းဆီစက်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၉၊ ၁၄ လမ်းနေ(ဦးအင်းငါး-ဒေါ်အန်အော်စွမ်း)တို့၏သား၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးပဋ္ဌင်းဦးဇာဂရ၏ ခမည်းတော်၊ ကိုကျော်စိန်-မချိုချိုရီ၊ မခင်ခင်အေး၊ ကိုမောင်ချစ်-မခင်ခင်ချို၊ ကိုမြင့်နိုင်-မညွှန့်ညွှန့်မြိုင်၊ ကိုစိုးမြင့်-မခင်ခင်ဝင်း၊ ကိုကျော်ဝင်း-မသီတာအေးတို့၏ဖခင်၊မြေး၁၄ယောက်တို့၏အဘိုးသည် ၁၂-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီဝင်း
B.A (History),Q
အလယ်တန်းပြဆရာမ(အလက-၃၊ဒလ)
သီတာဓာတ်အားခွဲရုံ (MEPE)
အသက်(၄၂)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ အုံကြီး အရှေ့ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၈၉နေ (ဦးစိန်ဝင်း)-ဒေါ်သန်းသန်းအေးတို့၏သမီးကြီး၊ (ဦးကျော်ရင်-ဒေါ်တင်ကြည်)တို့၏ သမီးချွေးမ၊ ဦးတင်စိုး(ဓာတ်အားခွဲရုံမှူး၊ သီတာဓာတ်အားခွဲရုံ၊MEPE)၏ဇနီး၊ဦးဝင်းနိုင်(ကုန်သွယ်လယ်ယာ)၏ညီမ၊ ဦးမျိုးဝင်း၊ ဦးစိုးမင်း(ဟိုတယ်၊ခရီး)-ဒေါ်ချိုချိုဝင်း၊ ကိုဇော်ဝင်း-မအေးအေးမိုး၊ ကိုဇင်အောင်ထွေး (မီမီလေးစတိုး)-မသန်းသန်းဝင်းတို့၏အစ်မ၊ မောင်သုတတင်စိုး၏မိခင်၊ တူ တူမ လေးယောက်တို့၏ကြီးကြီးသည် ၁၁-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၀၀း၂၅ နာရီတွင် သီတာဓာတ်အားခွဲရုံ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ပန်းဆိုးတန်း သမ္မန်ဆိပ်နှင့် ပုဇွန်တောင် သီတာ ဓာတ်အားခွဲရုံနေအိမ်မှကားများမွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တန်ရှုဘီ(ခ)ဒေါ်မြသန်း
(အနောက်ရန်ကင်း)
အသက်(၈၀)

မကွေးတိုင်း၊ မကွေးမြို့နေ (ဦးစစ်ရတ်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုန်နာအဆင့်မြင့်အိမ်ရာ၊ အမှတ် ၄၈(ခ)နေ [လင်ဟိုချို(ခ)ဦးကိုကြည်]၏ဇနီး၊ ဦးထွန်းစိန်-ဒေါ်ခင်ခင်ဝင်း၊ (ဒေါ်ရီရီတင်)၊ ဦးထွန်းကြည်-ဒေါ်ခင်နု၊ ဦးထွန်းမင်း-ဒေါ်ညွှန့်ညွှန့်စိန်၊ ဦးထွန်းလင်း-ဒေါ်ကြည်ကြည်ငွေ၊ ဒေါ်ရီရီခင်-ဦးမြင့်သိန်း၊ ဒေါ်ရီရီမြင့်-ဒေါက်တာငွေငွေ၊ ဦးထွန်းဝင်း-ဒေါ်တင်တင်ဝင်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၂-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက်တွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးတရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (ဒေါပုံနေအိမ်မှကားများ နံနက် ၁၁ နာရီတွင်လည်းကောင်း၊ အနောက်ရန်ကင်းမှကားများ နံနက် ၁၁း၁၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအေးမောင် (ကုက္ကိုင်း)
ဒု-လ/ထ အင်ဂျင်နီယာ၊ကညန(ငြိမ်း)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၀၁၂၊ ဇဋိလ ၂ လမ်း၊(၁၆/၁)ရပ်ကွက်နေ (ဦးတက်တိုး-ဒေါ်သဲခင်)တို့၏သား၊ (ဦးမြတ်တင်-ဒေါ်ငွေမြိုင်)တို့၏ သားသမက်၊ (ဦးချစ်အောင်-ဒေါ်မြရီ)၊ (ဦးမောင်မောင်-ဒေါ်မြကြည်)၊ (ဒေါ်မြတင်)တို့၏မောင်၊ ဦးမောင်သန်း-(ဒေါ်သန်းရင်)တို့၏အစ်ကို၊ ဒေါ်ဟန်ညွှန့်၏ခင်ပွန်း၊ ကိုတင်ထွန်း(P.P.E)၊ ကိုမင်းသိန်း-မညိုညိုသောင်း၊ ကိုထွန်းအေး၊ ကိုမျိုးသန့်ဇင်-မမိုးသီတာ၊ ကိုမျိုးဝင်းညွှန့်-မအေးအေးဆင့်၊မဖြူဖြူအေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၂-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘခင် (သစ်ကုန်သည်)
(မြစ်ကြီးနား)
အသက်(၉၈)နှစ်

ဦးကြော်ငြာ-ဒေါ်မင်းကျေးတို့၏ သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ တိုက်အမှတ် ၈၊ အခန်း ၁ နေ [ဒေါ်စန်းရင်(ခ)ဒေါ်စန်း]၏ခင်ပွန်း၊ ဒေါ်မြမြချို(မြို့နယ်ပညာရေးမှူး၊ငြိမ်း)၊ [ဦးခင်မောင်မြင့်(ခ)ဦးချို]၊ [ဒေါ်ခင်မာကြည်(ခ)မိမာ]၊ ဒေါ်မိုးမိုးခင်(အလယ်တန်းပြ၊ ငြိမ်း)၊ မစိုးစိုးခင်တို့၏ဖခင်သည် ၁၁-၄-၂၀၀၄ ရက် (တနင်္လာနေ့) ည ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်အုန်းကြည်
အသက်(၈၀)

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ် ၉၈ နေ ရာသက်ပန် အသင်းဝင်အမှတ်-၅၄၅၊ ပူဇော်ကန်တော့ခံ ဒေါ်အုန်းကြည်သည် ၁၁-၄-၂၀၀၄ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)အမှုဆောင်အဖွဲ့။

ဦးလှမော် (ပေါင်းတည်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ခြံအမှတ် (၂၇)၊ ယောမင်းကြီးလမ်း၊ အခန်းအမှတ် (၇၃/၇၄)နေ (ဦးမောင်ကြီး-ဒေါ်စိန်ရှင်)တို့၏သား၊ ဒေါ်ခင်မေမြ၏ခင်ပွန်း၊ ဦးသန်းဝင်း-ဒေါက်တာဒေါ်ရင်ရင်မြ၊ ဦးညီညီမော်၊ ဦးသန်းဦးတို့၏ဖခင်၊ မသီရိအေး(U.I.G Co., Ltd.)၊ မောင်ရဲနိုင်တို့၏အဘိုးသည် ၁၁-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးမြင့်သိန်း
အသက်(၆၉)နှစ်

မကွေးတိုင်း၊နတ်မောက်မြို့(ဦးကြင်-ဒေါ်လွမ်း)တို့၏သားကြီး၊ (အန်ပေါက်ဝေ)-ဒေါ်ခင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း ၂၀၊ အမှတ် ၁၁၉ နေ ဒေါ်အေးအေးမြ၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈ လမ်း၊ အမှတ် ၁၄၀၊ အခန်းအမှတ် ၁၀၃ နေ ဦးမြတ်ဇော်-ဒေါ်ခင်ခင်ဦး၊မောင်အောင်မြတ်၊ မနီနီဝင်းတို့၏ဖခင်၊ နတ်မောက်မြို့နေ ဒေါ်ခင်သောင်း (ဦးတင်ရွှေ)၊ တောင်တွင်းကြီးမြို့နေ ဒေါ်ကျင်ငွေး-ဦးအေးသွင်၊ဦးမြင့်သန်း-ဒေါ်ဝေဝေထွန်းတို့၏အစ်ကိုကြီး၊ တူ တူမ ၁၁ ယောက်တို့၏ဘကြီးသည် ၁၁-၄-၂၀၀၄ရက် (တနင်္လာနေ့)ည ၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ဝင်း (လှော်ကား)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အမက(၂၇)ဖော့ကန်၊ အင်းစိန်
အသက်(၆၆)နှစ်

(ဦးဖိုးမင်း-ဒေါ်ငြိမ်းလှ)တို့၏သမီးထွေး၊ ဦးခင်သန်းအောင်၏ဇနီး၊ မမြင့်မြင့်မြတ်၏မိခင်၊(ဒေါ်သန်း)၊(ဒေါ်ကြည်)၊ (ဦးထွန်းလွင်)၊ (ဦးထွန်းရင်)၊ ဒေါ်အေးကြွယ်၊ဦးသိန်းအောင်မင်း၊(ဦးမြသောင်း)တို့၏ ညီမသည် ၁၂-၄-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ဇောတိက
သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၂)ဝိုင်း၊ ပညာ့ရိပ်သာကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ ဇောတိက မဟာထေရ်သည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၁၁-၄-၂၀၀၄ရက်) နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၅-၄-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁ နာရီ ထွက်ပါမည်။)

စျာပနကျင်းပရေးအဖွဲ့။

ဗိုလ်မှူးချုပ်ခင်အောင် (ရေ-ငြိမ်း)
စီမံထူးချွန်(ပထမဆင့်)
ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ တိုက် ဘီ-၄၊ အခန်း ၀၀၂ နေ (ဦးဘဖြူ-ဒေါ်စိန်သက်)တို့၏စတုတ္ထမြောက်သား၊ (ဦးဘဆွေ-ဒေါ်လေးမူ)တို့၏သားသမက်၊ ဒေါ်ခင်မော်ဆွေ(လက်ထောက်ညွှန်မှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ငြိမ်း)၏ခင်ပွန်း၊ ဦးဥက္ကါ(ရဲမင်းကြီး၊ငြိမ်း)-ဒေါ်ခင်အေးဆွေ၊ (ဦးချစ်သန်းထွန်း-ဒေါ်ခင်ရီဆွေ)၊ ဦးမျိုးဆွေ(ဥက္ကဋ္ဌ၊ လူမှုဖူလုံရေးအဖွဲ့၊ ငြိမ်း)-(ဒေါ်ခင်ကြွယ်)၊ ဦးတင်အောင်-ဒေါ်ခင်ဝင်းဆွေ၊ ဦးမင်းဆွေ(နယ်မြေမှူး၊ ရန်ကုန်တက္ကသိုလ်၊ ငြိမ်း)-ဒေါ်ခင်နှင်းဆွေ၊ ဗိုလ်မှူးချုပ်မြတ်ဆွေ(ရေ-ငြိမ်း)၊ ဒေါ်ခင်ခင်ဝင်းတို့၏ညီ/မောင်၊ (ဦးရဲညွှန့်လှိုင်)-ဒေါ်ခင်သက်ဆွေတို့၏အစ်ကို၊ ဗိုလ်မြတ်သူဇာခင်(တပ်မတော်ဆေးရုံကြီး)-ဗိုလ်ကြီးကိုကိုမောင်(ဆေးမှူး)၊ မြတ်သက်ဝေခင်တို့၏ဖခင်ကြီးသည် ၁၂-၄-၂၀၀၄ရက် နံနက် ၂း၂၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးချုပ်ခင်အောင် (ရေ-ငြိမ်း)
စီမံထူးချွန်(ပထမဆင့်)
ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ တိုက် ဘီ(၄)၊ အခန်း ၀၀၂ နေ ဒေါ်ခင်မော်ဆွေ(လ/ထ ညွှန်မှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာသက်မြင့်မောင်(ပြည်နယ်သမားတော်ကြီး၊ ဘားအံမြို့)-ဒေါ်မီမီဂါ၊ ဦးကျော်သူဂါ-ဒေါ်ခင်မေမြင့်၊ ဦးခင်မောင်မောင်အုန်း-ဒေါ်ဂီဂီဂါ၊ ဦးဘိုမင်းဂါ-ဒေါ်ကြည်ကြည်စိန်၊ ဗိုလ်မှူးကြီးကျော်လင်းထွန်း-ဒေါ်နေခြည်ဦး၊ ဒေါက်တာအောင်မင်းထွန်း-ဒေါ်ငွေငွေအောင်၊ ဒေါက်တာစုစုထွန်း၊ ဦးအောင်သူထွန်း-ဒေါ်ကေသီဦး၊ ဒေါ်အေးသူထွန်း(စီးပွားရေးတက္ကသိုလ်)၊ ဦးဘိုဘို-ဒေါ်ဥမ္မာဆွေ၊ဦးသူရဆွေ-ဒေါ်ညွှန့်ညွှန့်အေး၊ဦးသီဟဆွေ-ဒေါ်စန္ဒာဘို၊ ဦးတင်ဇော်စံသိန်း-ဒေါ်ခင်ဥမ္မာမြင့်၊ ဦးကံမြင့်ထွန်း-ဒေါ်လဲ့လဲ့စံသိန်း၊ ဦးသိန်းဦး-ဒေါ်ခင်ဦးဆွေ၊ ဒေါ်ခင်ထူးဆွေ၊ ဒေါ်သန္တာမင်းဆွေ၊ ဗိုလ်ကြီးစုလင်းမြတ်ဆွေ၊ ဦးကျော်မင်းမြတ်ဆွေ၊ မောင်ရဲကျော်စွာလှိုင်၊ မရတနာလှိုင်တို့၏ဦးလေး/ဘကြီးသည် ၁၂-၄-၂၀၀၄ရက် နံနက် ၂း၂၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄--၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးချုပ်ခင်အောင် (ရေ-ငြိမ်း)
စီမံထူးချွန်(ပထမဆင့်)
ဗီယက်နမ်နိုင်ငံဆိုင်ရာ
မြန်မာသံအမတ်ကြီး(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊နတ်ချောင်းရပ် ကွက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ တိုက် ဘီ(၄)၊ အခန်း ၀၀၂ နေ (ဦးဘဖြူ-ဒေါ်စိန်သက်)တို့၏ စတုတ္ထမြောက်သား၊ (ဦးဘဆွေ - ဒေါ်လေးမူ)တို့၏ သားသမက်၊ ဒေါ်ခင်မော်ဆွေ(လ/ထ ညွှန်မှူး၊ စီးပွား/ကူသန်းဝန်ကြီးဌာန၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးကျော်ခင်-ဒေါ်ညွှန့်ညွှန့်)၊ (ဗိုလ်မှူးကျော်ထင်) — ဒေါ်ခင်ခင်သန်း၊ ဦးတင်အောင်-ဒေါ်မေသက်မူတို့၏ညီ၊ (ဦးသန်းအောင်)-ဒေါ်သန်းရီ၊ ဦးမြင့်အောင်-ဒေါ်သင်းသင်းနု (M.I.C.S)၊ ဒေါ်ခင်ခင်ဖြူ(M.I.C.B)တို့၏အစ်ကို၊ ဗိုလ်မြတ်သူဇာခင် (တပ်မတော်ဆေးရုံကြီး)-ဗိုလ်ကြီးကိုကိုမောင်(ဆေးမှူး)၊ မြတ်သက်ဝေခင်(မိုးမင်းရွှေသဇင်ကုမ္ပဏီလီမိတက်)တို့၏ ဖခင်သည် ၁၂-၄-၂၀၀၄ရက် နံနက် ၂း၂၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင်တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယကာ
ဦးရန်ကြည် (မြိတ်)
အသက်(၅၅)နှစ်

မြိတ်မြို့၊ နောက်လယ်ရပ်နေ ဦးဟိုဝါ-ဒေါ်ရှုတိန်တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁၆၂-B ၊ (မြေညီထပ်)နေ ဒေါ်စန်းစန်းရီ၏ခင်ပွန်း၊ မဝင်းဝင်းချို၊ မောင်ကျော်ငွေး၊ မခိုင်ဇင်မြင့်တို့၏ ဖခင်သည် ၁၁-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးတင်အေး (စမ်းချောင်း)
လယ်ယာ/ထွက်ကုန်(ငြိမ်း)
အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၈၊ မြင့်မိုရ်လမ်းနေ (ဦးဘသန်း-ဒေါ်အေးရင်)တို့၏သား၊ ဦးညွှန့်မောင်၏အစ်ကို(ဒေါ်စိန်သန်း)၏ခင်ပွန်း၊ ကိုတင်အောင်၊ မနုနုတင် (အမက-၃၊ စမ်းချောင်း)၊ (ကိုတင်မြင့်) မမြင့်မြင့်သန်း(လယ်ယာ/ထွက်ကုန်)၊ ကိုတင်ဝင်း-မစီစီအေး၊ ကိုမြင့်အောင်-မစန္ဒာမိုးတို့၏ဖခင်၊ မောင်သက်ဝေ(ခ)အောင်အောင်၊ မဝါဝါထွန်း၊ မောင်ဝေဖြိုးအောင်၊ မစောယုနန္ဒာ၊ မသက်ထက်မြတ်နိုးတို့၏အဘိုးသည် ၁၁-၄-၂၀၀၄ရက် မွန်းလွဲ ၂း၄၅ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးတင်သိမ်း
ဆိုင်မန်နေဂျာ(ငြိမ်း)စား/ဖျော်
အသက်(၇၀)

ကျောင်းကုန်းမြို့နေ (ဦးမောင်စိန်-ဒေါ်မိန်)တို့၏သား၊ ပုသိမ်မြို့နေ (ဦးဘသစ်- ဒေါ်တင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့ တာမွေမြို့နယ် ၁၅၆ လမ်း၊ အမှတ် ၃ နေ (ဒေါ်ခင်ခင်)၏ ခင်ပွန်း၊ ဦးသန်းဝင်း(က-က-ဝယ်)-ဒေါ်သီတာဇင်(အသေးစားချေးငွေ၊ရုံးချုပ်)၊ ဒေါ်နီလာဇင်(ဇင်ဇင်အလှပြုပြင်ရေး)၊ ဦးစိုးမြင့်အောင်(A.W.P.T)-ဒေါ်ချိုချိုမြင့်ဦး(အမက-၁၃၊ ထောက်ကြန့်)၊ ဦးစိန်ဝင်းအောင်၊ ဦးမိုးကျော်အောင်တို့၏ဖခင်၊ မစောယုယနွယ်၊ မောင်အောင်ကိုကိုမင်း၊ မောင်သန့်ထက်၊ မောင်ခိုင်ညီညီသော်တို့၏အဘိုးသည် ၁၁-၄-၂၀၀၄ရက် နံနက် ၅း၃၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြင်ဦးလွင်မြို့နယ်ရှိ ဆင်လမ်းရေလှောင်တမံ ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တည်ဆောက်ရေး၌လိုအပ်သောသံနှင့်သံမဏိတိုးချဲ့ထုတ်လုပ် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏လိုအပ်ချက်ဖြည့်ဆည်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁)သံနှင့်သံမဏိစက်ရုံတွင် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား တမံရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ပြင်ဦးလွင်မြို့နယ် ဝက်ဝံရေအားလျှပ်စစ်စက်ရုံ၏ လက်ရှိဓာတ်အားထုတ်လုပ်မှုနှင့် ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်မည့်အခြေအနေများကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် ဓာတ်တော်ချိုင့်ရေတံခွန်၏ ရေစီးဆင်းမှုကိုအသုံးပြု၍ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အလားအလာများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဝက်ဝံရေအားလျှပ်စစ်စက်ရုံကို ထပ်မံတိုးချဲ့၍ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်မည့် အလားအလာနှင့် ဓာတ်တော်ချိုင့်ရေတံခွန်၏ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အလားအလာများကို အသေးစိတ်ကွင်းဆင်းလေ့လာတိုင်းတာပြီး **စာမျက်နှာ ၃ ကော်လံ ၁** ✻

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၃၆၇ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကြီးစတင်ပြီ

သတင်းဆောင်းပါး – သုအောင်၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး၊ သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၂

မြန်မာတို့ပျော်သောလ၊ မြန်မာတို့မြတ်မြတ်နိုးနိုးတန်ဖိုးထားသော 'သည်တန်ခူးလ'၊ နှစ်ဟောင်း၏နောက်ဆုံးလဖြစ်သော 'လတပေါင်း'မှ နှစ်သစ်၏ဦးဆုံးလဖြစ်သော တန်ခူးလ၊ မိန်ရာသီမှမိဿရာသီသို့ ကူးပြောင်းခြင်းလကို သင်္ကြန်ဟု ခေါ်ဆိုနိုင်ပါသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် 'သင်္ကန္တ'ဟူသော သက္ကတဘာသာစကားမှ ဆင်းသက်လာသည်။နှစ်ဟောင်းမှမကောင်းသော **စာမျက်နှာ ၁၃ ကော်လံ ၅** ●

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ယနေ့ထုတ်စောင်ရေ
၂၀၁၁၄၃